မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော် ခံရ၏။။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၅၄)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ စနေနေ့

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့်ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ➤



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့နံနက်မှ စက်တင်ဘာလ ၂၂ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊

စာမျက်နှာ ၇ ကော်လံ ၁ ❐

ခမောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်တွင် ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဝင်ရောက်သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်အတွင်း စက်တင်ဘာလ ၁၇ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုတို့ကြောင့် ခမောက်ကြီးချောင်းရေမြင့်တက်မှုဖြစ်ပွားခဲ့ပြီး ခမောက်ကြီးမြို့၊ ရပ်ကွက်(၁)အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ဖလမ်းမြို့သို့ ဒေသခံပြည်သူများ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိ၊ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်

ဖလမ်း စက်တင်ဘာ ၁၈

ဖလမ်းမြို့ကို တပ်မတော်က ထိန်းချုပ်ပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများသည် မေလ ၆ ရက်မှစတင်ကာ နေရပ်သို့နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာရုံးများသည် ပုံမှန်လည်ပတ်လျက်ရှိကာ ဖလမ်းမြို့ပေါ်လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်းပြန်လည်နေထိုင်နေပြီ

စာမျက်နှာ ၇ ကော်လံ ၅ ■



လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်မြောက်ပိုင်းတွင် စက်တင်ဘာလ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/၈လ)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ စာ - ၅ သို့

Korea - Myanmar Association for Economic & Security Studies **စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ် စီးပွားရေးဖိုရမ်ကျင်းပ** စာ - ၁၅ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်

မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေး

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ပြီး ၂၀၂၅ ခုနှစ်အတွင်း အမှုပေါင်း ၆၈၅ မှမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၄၂၈၅ သန်းကျော်၊ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အမှုပေါင်း ၃၅၆ မှမှ ပြည်သူ့ဘဏ္ဍာအဖြစ် ငွေကျပ် ၃၅၈၅ သန်းကျော် သိမ်းဆည်းဆောင်ရွက်နိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာမှာ ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်ကြုံတွေ့နေရသည့်ပြဿနာဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာထိခိုက်စေလျက်ရှိသည်။ UNODC ၏စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် တစ်ကမ္ဘာလုံးမူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ၃၁၆ သန်းခန့်ရှိကြောင်းသိရှိရသည်။

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအနှောင့်အယှက်ပြုနေသည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ပြည်တွင်းပဋိပက္ခဖြစ်ပွားနေမှုအပေါ် အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအပြင် လက်နက်၊ ခဲယမ်းများဝယ်ယူခြင်းနှင့်လူသစ်စုဆောင်းခြင်းများဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပနိုင်ငံများမှ သယ်ဆောင်ပြီး ၎င်းတို့နယ်မြေအတွင်း ထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေး Operation 42 ၏ အောင်မြင်မှုများအပေါ်အခြေခံ၍ စစ်ဆင်ရေးများဆက်လက်ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးများသာမက ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်ဓာတုပညာရှင်များဝင်ရောက်မှုကို တားမြစ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်သည်။ ပင်လယ်ရေကြောင်း ထွက်ပေါက်များတွင် တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့၊ ဆိပ်ကမ်းအာဏာပိုင်တို့နှင့်ပူးပေါင်း၍ ပိတ်ဆို့ဖမ်းဆီးခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် KTV၊ Bar၊ Club၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် Hotel၊ Motel၊ တည်းခိုခန်းများတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေးစစ်ဆေးကြပ်မတ်ပြီး စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဖမ်းဆီးရရှိမှုသတင်းများကို စက်တင်ဘာလ ၂ ရက်၊ ၃ ရက်၊ ၈ ရက်၊ ၁၀ရက်၊ ၁၂ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့ထုတ်သတင်းစာများတွင်ဖော်ပြထားပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ၂၀၂၅ ခုနှစ်မှ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ မူးယစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသော မူးယစ်တရားခံပြေး ၅၈ ဦးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးလျက်ရှိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်လွှတ်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များနှင့်သတင်းပေးများအား ဆုကြေးငွေနှင့်ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့်အတူ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆုကြေးငွေများထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိသည်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးမှ ပပျောက်ရေးအထိဆောင်ရွက်ရန်မှာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများပူးပေါင်းပါဝင်မှသာ ပိုမိုအောင်မြင်မည်ဖြစ်သည်။ နိုင်ငံအတွင်း မူးယစ်ဆေးဝါးကို အခြေခံ၍ ပေါ်ပေါက်လာနေသောပြစ်မှုများလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် အားလုံးကပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နိုင်ငံသားစိစစ်ရေးကတ်နှင့်UIDကတ်များ ကွင်းဆင်းဆောင်ရွက်

ကော့သောင်း စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ စိုင်ဒင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို စက်တင်ဘာလ ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ် ပြည့်ပြီးသည့် ကျောင်းသား၊ ကျောင်းသူ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၇၄ ဦး၊ စုစုပေါင်း ၁၁၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူ၍ UID ကတ်များ ဆောင်ရွက်ပေးပြီး ခရိုင်ဦးစီးမှူး ဦးမြင့်ဘုန်းကလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုအားပေးကာ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များကို လက်ဝယ်အရောက် ပေးအပ်ကြောင်းသိရသည်။ **ခရိုင်(ပြန်)/(ဆက်)**

ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ညောင်ဦး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာတွင်သာမက ပြင်ပဗဟုသုတများကိုလည်း လေ့လာမှတ်သားနိုင်စေရန် ရည်ရွယ်၍ အခြေခံပညာ အထက်တန်းကျောင်း(ညောင်ဦး)ပန်းမျိုးတစ်ရာခန်းမ၌ စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် အသိပညာပေးဟောပြောပွဲကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးဝင်းခိုင်က အွန်လိုင်းလိမ်လည်မှုဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဆိုင်ရာခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မ္မာဖွေးက ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်ဖြူဖြူခိုင်က AIDS/HIV ကာလသားရောဂါအကြောင်း ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးအသိပညာပေးဟောပြောသွားကြသည်။

ဆက်လက်၍ ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့်အဖွဲ့ဝင်များက ဟောပြောပွဲသို့ လာရောက်သည့် ကျောင်းသား၊ ကျောင်းသူများအား ပေါင်မုန့်များ ဝေငှပေးပြီး အသိပညာပေးဟောပြောပို့ချခဲ့သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြောင်းသိရသည်။

ဒီပါလင်း

သင်(FM)အသံလွှင့် အစီအစဉ်

၁၉-၉-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၁:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။


ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၅၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြင်လျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဓမ္မာသီရိမြို့နယ်အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲကို ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့ ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း ၂၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၅၇ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပန်းချီပြိုင်ပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများကို အောက်တိုဘာလ ၁၃ ရက်တွင် နေပြည်တော်၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြင်လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

❖ ရှေ့ဖုံးမှအဆက်

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်သည့်ရပ်ကွက်ရှိရေဘေးသင့်ပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ခမောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် ခမောက်ကြီးမြို့အနီး ဘုတ်ပြင်း – ကော့သောင်းပြည် ထောင်စုလမ်းမကြီးပေါ်၌ ပေ ၂၀၀ ခန့် ရေကျော်လျက်ရှိသဖြင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လမ်းကြောင်းပြ အမှတ်အသားများ ပြုလုပ်ပေးခြင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ချောင်းရေမြင့်တက်မှုအခြေအနေ အားစောင့်ကြည့်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အသင့်စုဖွဲ့စောင့်ကြည့်လျက်ရှိသည်။ ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

---

၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံတွင် ကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၁၈

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်ဓာတ်အား စနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် အတွက် ပင်မဓာတ်အားခွဲရုံများနှင့်ဓာတ်အား လိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံရှိ ၁၃၂ ကေဗွီ သာစည်-မြင်းခြံဓာတ်အားလိုင်းတွင် ကြိုးလွန်းပွမှုဖြစ်ပေါ်နေသော ကြိုးများအား အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာလ ၂၀ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်ဆောင်ရွက်စဉ် တောင်သာမြို့၊ မြင်းခြံမြို့၊ နွားထိုးကြီးမြို့တို့ရှိ အချို့ရုပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချို့နှင့်လေးနာရီကြာခန့်ယာယီ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံရှိ ဩတာယွင်းမှုဖြစ်ပေါ်နေသော ဗို့အားတိုင်းတာရေးပစ္စည်းအား အစားထိုးလဲလှယ်ခြင်းနှင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲရုံအတွင်းရှိ ၃၃ ကေဗွီပင်မဖြန့်ဖြူးရေးလိုင်း (၁) ကို စက်တင်ဘာလ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ အချို့ရုပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များတွင်ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်အရိယာများရှိဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **မြဝတီ**

ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၏ (၂၅)ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနသည်အရှေ့တောင်အာရှဒေသ၏သမိုင်းအမွေအနှစ်များနှင့်မတူကွဲပြားသည့် ယဉ်ကျေးမှုရိုးရာများကို ထိန်းသိမ်းစုဆောင်းလျက်ရှိပါကြောင်း၊ ပညာရှင်များ၊ သုတေသီများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား လူငယ်များအကြား အသိပညာနှင့် အတွေးအမြင်များ ဖလှယ်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည့်အပြင် ဒေသတွင်း ကွန်ရက်ချိတ်ဆက်မှုနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန် အထောက်အကူပြုခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြောကြားခဲ့သည်။

ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၏ (၂၅)ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ (SEAMEO CHAT 25th Governing Board Meeting) အစည်းအဝေးတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဆီမီယိုအတွင်းရေးမှူး ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး Ms. Pnitip Iamnirath ကလည်း နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဌာန၏ဆောင်ရွက်ပြီးလုပ်ငန်းများကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခြင်း၊ အကြံပေးဆုံးဖြတ်အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဘရူနိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက in person တက်ရောက်ကြပြီး ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၉-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	တားဆိ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၂၅	၃၉၈၀	၃၉၃၀	၃၈၄၀	၃၉၈၀	၃၉၉၅	၄၀၃၀	၃၉၃၀	၄၂၈၀	၄၃၀၅	၃၉၃၀	၄၀၅၅	၄၀၂၀	၃၉၈၀	၃၉၉၀	၄၂၂၀
95 Ron	၃၉၅၀	၄၁၀၅	၄၀၅၅	၃၉၆၅	၄၁၁၀	၄၁၂၅	၄၁၅၅	၄၀၃၅	၄၄၀၅	၄၄၃၅	၄၀၅၅	၄၁၃၀	၄၁၄၅	၄၁၀၅	၄၁၁၅	၄၃၄၅
HSD (500 ppm)	၄၁၅၀	၄၃၀၀	၄၂၅၅	၄၁၆၅	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၇၅၀	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၄၀
HSD (50 ppm)	၅၀၅၀	၅၂၀၅	၅၁၅၅	၅၀၆၅	၅၂၁၀	၅၂၂၅	၅၂၆၀	၅၁၃၅	၅၅၀၅	၅၁၄၅	၅၁၅၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၁၅	၅၄၄၅
HSD (10 ppm)	၅၀၅၀	၅၂၀၅	၅၁၅၅	၅၀၆၅	၅၂၁၀	၅၂၂၅	၅၂၆၀	၅၁၃၅		၅၅၃၅	၅၁၄၅	၅၂၇၀	၅၂၅၀	၅၂၀၅	၅၂၁၅	၅၄၄၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၂၃	၃၇၂၉
95 Ron	၃၇၄၄	၃၈၁၃
HSD (500 ppm)	၃၉၅၄	၄၀၆၄
HSD (50 ppm)	၄၈၁၃	၄၉၄၀
HSD (10 ppm)	၄၈၁၃	၄၉၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ဤကဲ့သို့ အုန်းအုန်းကျွက်ကျွက်ဖြစ်ပြီး ပရိသတ်တို့က ဟုတ်တန်သည်၊ မဟုတ်တန်သည်ကို ငြင်းခုံပြောဆိုနေကြစဉ် တခြားပုလိပ်တစ်ယောက်သည် မောင်လှအောင်၏ပခုံးကိုကိုင်ပြီးလျှင် ၎င်း၏လက်ကို လျင်မြန်စွာ လက်ထိတ်ခတ်ပြန်လေ၏။ ထို့နောက် မောင်သက်ညွှန့်ရှိရာသို့ ခေါ်သွားပြီးလျှင် နှစ်ဦးစလုံးကို ရထားပေါ်သို့တင်၍ အချုပ်ထောင်သို့ ခေါ်သွားကြလေ၏။ လူအများတို့လည်း ရာဇဝတ်ဝန်ထောက်မင်း၏သား မောင်ဘချိုသတ်သည့်အမှုကို အဘယ်ကြောင့် မောင်သက်ညွှန့်နှင့် မောင်လှအောင်တို့ကို ဖမ်းဆီးလေသနည်းဟု မတွေးနိုင်လောက်အောင် အံ့သြကြလျက် အမှုစစ်ဆေးသောနေ့တွင် လာရောက်နားထောင်ကြမည်ဟု စိတ်တွင်ပိုက်ကာ မိမိတို့အိမ်သို့ အသီးသီးပြန်ကြလေ၏။

■ ■ ■ ■ ■

အခန်း (၃၀)

လူအများတို့သည် အလွန်တရာသိလိုကြသည်ဖြစ်၍ စက်ရုင်မင်းကြီးရုံးသို့ လာရောက်နားထောင်ကြရာ ရုံးအထက်အောက် ပတ်ဝန်းကျင်တို့၌ ပွဲသဘင်ရှိဘိသကဲ့သို့ ကြိတ်ကြိတ်တိုးလျက် တိုး၍မျှမပေါက်နိုင်အောင်ရှိလေ၏။ နံနက် ၁၀ နာရီခွဲအချိန်ရှိသောအခါ တရားသူကြီးသည် ရုံးထိုင်လေရာ ဂျူရီလူကြီး ၁၃ ယောက်တို့လည်း မိမိတို့နေရာ၌ထိုင်လျက်ရှိနေကြလေ၏။ အစိုးရရှေ့နေကြီးသည် အမှုကိုစတင်၍ ဖွင့်ပြီး မိန်းမတစ်ယောက်၏နာမည်ကို ခေါ်လိုက်လျှင် အတွင်းအပြင် ပြည့်နှက်နေသော ပရိသတ်တို့သည် ၎င်းမိန်းမလာမည့်လမ်းကို ကြည့်လျက်နေကြလေ၏။ ထိုအခါ သက်သေခံမိန်းမသည် သက်သေခန်းသို့ ဝင်လာပြီး မောင်သက်ညွှန့်ရှိရာသို့ ကျောခိုင်းလျက်နေလျှင် တရားသူကြီးက ...။

“မင့်နာမည် ဘယ်သူလဲ” “မအေးမြင့်” “ကျမ်းရွက်ပေစေ”

မအေးမြင့်ကိုကျမ်းတိုက်သောအခါ မအေးမြင့်သည် ကျမ်းမရွက်လိုဟု ငြင်းဆန်၍နေရာ တရားသူကြီးက “ဦးဘသာသတ်တဲ့အထဲ မယ်မင်းပါသလား” ဟု မေးလေကြောင်း။

ထိုအခါ မအေးမြင့်သည် အရှက်အကြောက်မရှိသော မိမိနဂိုစိတ်သဘောနှင့် လျော်ညီစွာပြန်ပြောသည်မှာ “ကြံကြံစည်စည် ကိုယ့်အဖေကိုသတ်ပါ့မလား” ဟု ပြန်ပြောလေ၏။

“ဒါဖြင့် သတ်တဲ့အမှုစစ်ဆေးသည့်အခါ မယ်မင်းဘာပြုလို့ မှန်သည့်အတိုင်း ထွက်ဆိုပါမည်လို့ ကျမ်းမရွက်ချင်သလဲ”

“ကျွန်မကျမ်းရွက်ရင် မဆိုင်တာတွေကို လျှောက်မေးကြမှာစိုးလို့ပေါ့”

“မဆိုင်တာကို မမေးဘူး၊ ဆိုင်ရာကိုသာမေးမယ်”

“ဒါဖြင့် ကျွန်မရွက်မယ်” ကျမ်းတိုက်၍ပြီးလျှင်။

“မောင်ဘထွန်းဆိုတဲ့လူနဲ့ မယ်မင်းဘယ့်နယ်သိသလဲ”

“ဟော... ကြည့်ပါလား၊ စခါရိသေး လာကုန်ပြီ”

“မေးတာကိုပြောပါ ပြောပါ့မယ်လို့ ကျမ်းရွက်ပြီးပြီမဟုတ်လား မှန်မှန်ပြောလိုက်ပါ”

“ဈေးချိုနားမှာ ပထမ စတွေ့တယ်”

“တွေ့တော့ မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ဆုတောင်းကပြည့်လို့ မောင်ဘထွန်းက စုံမက်ကရော ဆိုပါတော့”

ထိုအခါ အစိုးရရှေ့နေကြီးက ထောက်လေလျှင် မအေးမြင့်သည် မိမိ၏ကိုယ်ကို လှသည်အောက်မေ့၍ အစဉ်မပြတ် အရိပ်ကြည့်၍နေသောမိန်းမဖြစ်သောကြောင့် ရှေ့နေကြီးပြောသည်ကို သဘောကျ၍ “ဟုတ်တယ်”ဟု ပြောလိုက်လေ၏။

“အဲဒီကနေ့ကစပြီး အကျွမ်းဝင်ကြပြီး ညနေတိုင်း စက်ဘီးနဲ့လာပြီး အလည်လာတယ်မဟုတ်လား”

“သူလာတာ ကျွန်မ ဘယ့်နယ်တတ်နိုင်မလဲ”

“ဟုတ်ပါတယ်၊ မတတ်နိုင်ပါဘူး၊ မိတ်ဆွေဖြစ်ကြတော့ လာချင်လာနိုင်တာပေါ့ မဟုတ်ဘူးလား”

“ဟုတ်တယ်”

“ဒီတုန်းက သူ့နာမည် မောင်ဘထွန်းလား၊ မောင်သက်ညွှန့်လား”

“မောင်ဘထွန်း”

“သူ ဘယ်မှာနေတယ် သိသလား”

“အိမ်တော့ သေသေချာချာမသိဘူး၊ ဆိုင်းတန်းမှာနေတယ်ပြောတာပဲ”

“သူ့နာမည်ရင်းက မောင်ဘထွန်းမဟုတ်၊ မောင်သက်ညွှန့်ဖြစ်ကြောင်း ဘယ်တော့မှသိသလဲ”

“နောက် ၄-၅ လ နေမှသိတယ်”

“ဦးဘသာ သေပြီးမှပေါ့ ဟုတ်လား”

“ဟုတ်တယ်”

“ဦးဘသာသေတဲ့ညက ဘယ်သူတွေနဲ့တွေ့သလဲ”

“မောင်ဘထွန်း၊ မောင်လှအောင်၊ မောင်ဘချို”

“လှအောင်ကကော မယ်မင်းလူပဲလား”

“ဒီလိုလူမျိုးလား အကွာကြီး”

“ဒါနဲ့ မောင်ဘထွန်းနဲ့ စကားပြောနေပြီး ဘယ်လောက်ကြာတော့ ဦးဘသာ ပြန်လာလို့ မိသလဲ”

“မမိပါဘူး၊ ဒီညက ကျွန်မနဲ့ ဖေဖေနဲ့ တွေ့တောင် မတွေ့ဘူး၊ ဖေဖေသေမှ တွေ့ရတော့တယ်”

“စကားပြောနေကြတာက ဘယ်နေရာမှာလဲ”

“အိမ်နောက်ဖေးဝင်းထောင့်နားက ထိုင်ခုံကလေးပေါ်မှာ”

“ပြီးတော့ကော”

“စကားပြောပြီးတော့ မောင်ဘထွန်းလည်း နောက်ဖေးဝင်းပေါက်ကထွက်ပြီး စက်ဘီးနဲ့ပြန်သွားတယ်”

“သေနတ်သံကို မယ်မင်းကြားလား”

“ကြားတယ်”

“ဒါနဲ့ မောင်ဘထွန်းက သူဘာမှေ့နေလို့ ပြန်ပြီး

"လူအများတို့သည် အလွန်တရာသိလိုကြသည်ဖြစ်၍ စက်ရုင်မင်းကြီးရုံးသို့ လာရောက်နားထောင်ကြရာ ရုံးအထက်အောက် ပတ်ဝန်းကျင်တို့၌ ပွဲသဘင်ရှိဘိသကဲ့သို့ ကြိတ်ကြိတ်တိုးလျက် တိုး၍မျှမပေါက်နိုင်အောင်ရှိလေ၏။ နံနက် ၁၀ နာရီခွဲအချိန်ရှိသောအခါ တရားသူကြီးသည် ရုံးထိုင်လေရာ ဂျူရီလူကြီး ၁၃ ယောက်တို့လည်း မိမိတို့နေရာ၌ ထိုင်လျက်ရှိနေကြလေ၏။ အစိုးရရှေ့နေကြီးသည် အမှုကိုစတင်၍ ဖွင့်ပြီး မိန်းမတစ်ယောက်၏နာမည်ကိုခေါ်လိုက်လျှင် အတွင်းအပြင် ပြည့်နှက်နေသော ပရိသတ်တို့သည် ၎င်းမိန်းမလာမည့်လမ်းကို ကြည့်လျက်နေကြလေ၏။ . . ."

“ဒီညက မယ်မင်းနဲ့ ဘယ်သူနဲ့စကားပြောနေတာလဲ၊ မောင်ဘချိုလား၊ မောင်ဘထွန်းလား”

“မောင်ဘထွန်း”

“မောင်ဘချိုကကော”

“မပြောတတ်ဘူး၊ မောင်ဘချိုတော့ သေနတ်လာပို့ပြီး ကျွန်မက ပြန်တော့ဆိုတာနဲ့ ပြန်သွားသလား၊ အိမ်နားက ချောင်းနေသလား မသိဘူး”

“သေနတ်ထားခဲ့သလား”

“ထားခဲ့တယ်”

“သေနတ် ဘာလုပ်ဖို့ယူလာသလဲ”

“ကျွန်မအဖေက ကြည့်ချင်တယ်ဆိုလို့ ဝန်ထောက်မင်းသေနတ်ကို သူ ခိုးလာတယ်”

“သေနတ်က ယမ်းထိုးပြီးမဟုတ်လား”

“ယမ်းထိုးပြီး ပြောတာပဲ”

“ဒါနဲ့ မောင်ဘထွန်းနဲ့ စကားပြောနေပြီး ဘယ်လောက်ကြာတော့ ဦးဘသာ ပြန်လာလို့ မိသလဲ”

“မမိပါဘူး၊ ဒီညက ကျွန်မနဲ့ ဖေဖေနဲ့ တွေ့တောင် မတွေ့ဘူး၊ ဖေဖေသေမှ တွေ့ရတော့တယ်”

“စကားပြောနေကြတာက ဘယ်နေရာမှာလဲ”

“အိမ်နောက်ဖေးဝင်းထောင့်နားက ထိုင်ခုံကလေးပေါ်မှာ”

“ပြီးတော့ကော”

“စကားပြောပြီးတော့ မောင်ဘထွန်းလည်း နောက်ဖေးဝင်းပေါက်ကထွက်ပြီး စက်ဘီးနဲ့ပြန်သွားတယ်”

“သေနတ်သံကို မယ်မင်းကြားလား”

“ကြားတယ်”

“ဒါနဲ့ မောင်ဘထွန်းက သူဘာမှေ့နေလို့ ပြန်ပြီး ယူတာလဲ” ဟု ရှေ့နေကြီးက မေးလိုက်လျှင်။

“ဩော်... ဟုတ်တယ် သူ့လက်ကိုင်တုတ်ကလေး မှေ့နေလို့ အိမ်ထဲပြန်ပြီးယူတယ်တဲ့”

“ဦးဘသာကို မောင်ဘချိုသတ်တယ်လို့ သူကပြောတယ်ပေါ့လေ ယုံလောက်အောင်”

“သူပြောဖို့ မလိုပါဘူး၊ ကျွန်မ သိပြီးသားပဲ”

“ဩော်... ဩော်... မောင်ဘချိုသတ်တာ သူကိုယ်တိုင်မြင်တယ်လို့များ မပြောဘူးလား”

“တုတ်ယူရအောင် အိမ်ထဲပြန်သွားတော့ အိမ်ထဲက လူနှစ်ယောက်ရန်ဖြစ်နေတဲ့အသံကြားသတဲ့၊ ကြားပြီး သေနတ်သံကြားသတဲ့၊ ကျွန်မ သူ့လိုက်ပို့ပြီး ဓာတ်ရထားလမ်းနားက စောင့်နေတယ်၊ အိမ်ကပြန်လာတော့ သူပြောမှ ကျွန်မသိတယ်”

ဆက်လက်ဖော်ပြပါမည်။

ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်



မော်လမြိုင် စက်တင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပတ္တလူးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဖြစ်သည့် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ပတ္တလူးကုန်းကျေးရွာ၌ ၄ လက်မခွဲ စက်ရေတွင်း အနက်ပေ ၃၅၀ တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း ပေ ၁၃၀၀ သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ပတ္တလူးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေ ငွေကျပ် ၆၂ ဒသမ ၉၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် သီးသန့်ကမ္ဘာ ကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့် သင့်လျော်သည့် နည်းလမ်းများကို စနစ်တကျ ရွေးချယ်ပြီး နည်းလမ်းမျိုးစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတ

မင်းလှမြို့နယ်၌ ဆိုလာလျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းဆောင်ရွက်

မင်းလှ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆိုလာလျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်လျက်ရှိရာ ယင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာလ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးစိန်ဝင်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှ နှင့် မြို့နယ်ကော်မတီဝင်များက ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြသည်။ စီမံကိန်းနှင့်ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မြင့်ဝင်းက ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်အထိ စီမံကိန်းအပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၄၈၂၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက စိုက်ပျိုးမြေ ဧက ၅၀၀ တွင် တောင်သူများ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်ကာ သီးနှံစိုက်စွမ်းအားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ရန်ကင်း

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက်စရာအကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀)အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲဆက်လက်ကျင်းပသည်။

တွေ့ဆုံပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှအဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှူဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NSPNC နှင့် နိုင်ငံရေးပါတီများတွေ့ဆုံဆွေးနွေးမည့် အခြေအနေများ၊ ဆွေးနွေးညှိနှိုင်းမည့်အကြောင်းအရာကိစ္စများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားသည်။

ထို့အတူ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း (ငြိမ်း) က နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ရွေးချယ်မည့်ကိစ္စ၊ မဲပေးရွေးချယ်မည့်အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ကိုယ်စားလှယ်များက မဲပေးရွေးချယ်မည့်အစီအစဉ်နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်ရေးသဘာဝတိုင်းအဖွဲ့အား ဖွဲ့စည်းပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦးအတွက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များက မဲပေးရွေးချယ်ကြကာ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ရွေးချယ်ရေး သဘာဝတိုင်းအဖွဲ့က နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ကိုယ်စားလှယ်၁၆ဦးနှင့်အလှည့်ကျကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ထားမှုကို အတည်ပြုပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသူများက နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်မည့်နည်းလမ်းများ၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအား ယခင်ပုံစံအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေး၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် မပါဝင်လာသေးသည့် အဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ Bilateral တွေ့ဆုံဆွေးနွေးပြီး Ceasefire အားဖော်ဆောင်နိုင်ရေးကိစ္စတို့ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ Ceasefire နှင့် Political Dialogue တို့၏ဆက်သွယ်မှု၊ ဒေသခံပြည်သူများ၏လုံခြုံရေးနှင့် လူမှုစီးပွားလိုအပ်ချက်များ၊ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ၏ပါဝင်နိုင်မှု၊ ယခင်ငြိမ်းချမ်းရေးယန္တရားမှ အတွေ့အကြုံရှိသူများကို ပြန်လည်အသုံးချနိုင်ရေး၊ နိုင်ငံတကာနှင့် သံတမန်ရေးရာဆက်ဆံမှုဆိုင်ရာများ၊ လက်ရှိပဋိပက္ခအတွင်း ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များနှင့်ဆက်သွယ်နိုင်မည့် နည်းလမ်းများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဗဟိုအလုပ်အမှူဆောင်ကော်မတီဝင်ဒေါက်တာအောင်မြတ်ဦးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

ဝါးထုတ်လုပ်မှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနေ

နေပြည်တော် စက်တင်ဘာ ၁၈

ဝါးထုတ်လုပ်မှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနေသည့် အပြင် ဝါးသည်ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်စေသည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး သစ်တောများ ပြန်လည်ထူထောင်ရေးနှင့် ရေဝေရေလဲထိန်းသိမ်းရေး လုပ်ငန်းများကို အထောက်အကူပြုကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်ဦးက ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနိုးကြားသည့် အသိပညာဗဟုသုတများတိုးပွားစေရန် ရည်ရွယ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝါးထုတ်ယူရာတွင် သဘာဝတောများမှ ထာဝစဉ်တည်တံ့စေသော စီမံအုပ်ချုပ်မှုနည်းစနစ်များကို အခြေခံပြီး ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းသည့် ဝါးမျိုးစိတ်များဖြင့် ဝါးစိုက်ခင်းများစနစ်တကျ တည်ထောင်စိုက်ပျိုးသွားရန်၊ ဝါးကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်သွားရန်၊ သုတေသန၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများပေါင်းစပ်ပြီး အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်ရန်၊ ဝါးစိုက်ပျိုးသူများနှင့် ဒေသခံပြည်သူများအား နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ပေးသွားရန်လည်း မှာကြားခဲ့သည်။



အဆိုပါအခမ်းအနားတွင် တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝါးသယံဇာတအရင်းအမြစ်များ ရေရှည်ထုတ်လုပ်အသုံးချနိုင်ရေးအထောက်အကူပြုစီမံချက်၊ ဝါးအခြေခံ စက်မှု၊ လက်မှုထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးရေး၊ မျှစ်အခြေခံထုတ်ကုန်ပစ္စည်းများဖွံ့ဖြိုးရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်မြှင့်တင်ရေးတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/၉လ)**

သီတဂူဆရာတော်ကြီးက ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်အတွက် အလှူငွေများလှူဒါန်း



ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀၀ ကို စက်တင်ဘာလ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူ ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ပေးအပ် လှူဒါန်းသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးအား ဩကာသကန်တော့ချိုးဖြင့် ကန်တော့ကြရာ ဆရာတော်ကြီးက မေတ္တာပို့ဆုတောင်းပေးသည်။

ယင်းနောက် ဆရာတော်ကြီး ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပါသကာအဖြစ်ဆောင်ရွက်ပြီး ပေးအပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးအား ဂုဏ်ပြုမှုတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သီတဂူဆရာတော်ကြီးအား ဝါဆိုသင်္ကန်းဆက်ကပ်ပြီး သီတဂူမျက်စိအလှူတော်အတွက် အလှူတော်ငွေများ လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ဖြူမာဝေနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

လင်းခန့်

လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းထားရှိ



နေပြည်တော် စက်တင်ဘာ ၁၈

တတိယအကြိမ် ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးနှင့်အစားအသောက်စစ်ဆေးရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများကိုလွှတ်တော်အဆောက်အအုံနှင့် တည်းခိုနေထိုင်ရာနေရာများတွင် လွှတ်တော်မကျင်းပမီမှစတင်၍ ကျင်းပစဉ်တစ်လျှောက်လုပ်ငန်းအဖွဲ့အလိုက် စနစ်တကျပုံမှန်ဆောင်ရွက်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းထားရှိပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များလိုအပ်ပါက ဆေးကုသမှုခံယူနိုင်ရေး၊ အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်စေရေး၊ ကူးစက်ရောဂါများကာကွယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း နိုင်ရန်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို လိုအပ်သည့်အချိန်တွင် ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ကျန်းမာရေးစစ်ဆေးခြင်း (Medical Check-up)နှင့် လိုအပ်သောကာကွယ်ဆေးထိုးနှံခြင်းတို့ကို ဆောင်ရွက်ပေးရန်၊ လုပ်ငန်းများ လစ်ဟင်းမှမရှိစေရေးအတွက်လုပ်ငန်းအဖွဲ့အလိုက် Checklist များဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြပြီး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြိုးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့များမှအဖွဲ့ခေါင်းဆောင်ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီအဖွဲ့ဝင်ဌာနများအလိုက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြဝတီ

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၆-၂၀၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၆-၂၀၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ရခြင်းဖြစ်၍ နိုင်ငံတော်အတွက်ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသွင်အောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတင်ပြထားသည့်ရန်ပုံငွေလွှဲပြောင်းအမှုတွဲ တစ်စောင်နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှတင်ပြထားသည့် စီမံကိန်းတန်ဖိုးပြောင်းအမှုတွဲ တစ်စောင်ကို အတည်ပြုဆွေးနွေးခဲ့သည်။

ထို့ပြင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ဆပ်ကော်မတီလေးခု၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ရန်အချက်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

နီကာရာဂွါ သမ္မတနိုင်ငံ၏ (၂၀၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်



ရန်ကုန် စက်တင်ဘာ ၁၈

နီကာရာဂွါသမ္မတနိုင်ငံ၏ (၂၀၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia နှင့်တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့်တက်ရောက်လာကြသည့်ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီကာရာဂွါ သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား သံအမတ်ကြီးက ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာရပ်ဆိုင်ရာများလေ့လာနိုင်ရန် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင်ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၅ ရက်က ဘယ်လာရုစ်နိုင်ငံ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ivan Smilgin နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။


ထို့အတူ The Belarusian State Association for livestock breeding "Belplemzhivoboedinenie" တွင် General Director နှင့် တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံပြီး နို့စားနွားမျိုးထုတ်လုပ်မှုနှင့် အစာထုတ်လုပ်မှုဆိုင်ရာများကို ဆွေးနွေးကာ နွားမျိုးရည်ထုတ်ဓာတ်ခွဲခန်းအတွင်း ကြည့်ရှုလေ့လာကြသည်။

အလားတူ Minsk Tractor Plant တွင် ထွန်စက်ထုတ်လုပ်မှုနှင့် စက်အလိုက် အရည်အသွေးကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

စက်တင်ဘာလ ၁၆ ရက်တွင် The scientific and production center of the national academy of sciences of Belarus for agriculture ရှိ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးမှု၊ မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးစနစ်များ၊ တိရစ္ဆာန်မျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သန္ဓေကူးပြောင်းဓာတ်ခွဲခန်း၊ အာဟာရဇီဒဓာတ် ခွဲခန်းများကိုလည်းကောင်း၊ ZhodinoAgroPlemElita breeding enterprise ၏ နို့စားနွားမွေးမြူရေး၊ တိရစ္ဆာန်အစာထုတ်လုပ်မှုနှင့် နို့ညှစ်လုပ်ငန်းများကိုလည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက်တွင် The Belarusian National Biotechnology Corporation ၏ တိရစ္ဆာန်အစာထုတ်လုပ်မှု၊ အစာရောစပ် ဖြည့်စွက်အားဆေးများထုတ်လုပ်မှု၊ အမိုင်နိုအက်စစ်များထုတ်လုပ်နေမှုနှင့် JSC Agrokombinat Dzerzhinsky ၏ ကြက်မွေးမြူခြင်းနှင့် အသားထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြဝတီ

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် အရာရှိ၊ စစ်သည်များနှင့် အရပ်သား(အစားခန့်)ဝန်ထမ်းများအတွက် ဝတ်စုံများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၅၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နေ့လယ် ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။ ထို့နောက် (၅၄) နှစ်မြောက်တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ အရာရှိ၊ စစ်သည်များနှင့် အရပ်သား(အစားခန့်) ဝန်ထမ်းများအတွက်ဝတ်စုံများ ပေးအပ်ခြင်း၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ထူးချွန်အားကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ အိမ်ထောင်သည် လိုင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေးအကောင်းဆုံးဆု ရရှိကြသူများ အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ဗလာမပါကံစမ်းမဲများ မဲဖောက်ပေးခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

(၁၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၅.၆ ~ ၃၆၆၆.၉	၅၅၈.၁ ~ ၅၅၈.၃	၁၂၅.၄ ~ ၁၂၅.၅	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၂,၈၉၅,၂၉၃.၃၅	၃၀,၇၅၇,၆၀၅.၀၀	၄၀,၄၂၇,၃၈၁.၅၃	-

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။


❐ မိုးသည်းထန်စွာရွာသွန်းခြင်းမှ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်၃၀ မှ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ



ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့်မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

■ ရှေ့ဖုံးမှအဆက်

ဖြစ်ကြောင်း သိရသည်။

ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို ယမန်နေ့က ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်နှင့်အဖွဲ့က ကျင်မွာလ်ရပ်ကွက်လွတ်လပ်ရေးစေတီ၌ ကြိုဆိုကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများက နေရပ်ပြန်လာသူ ဒေသခံပြည်သူ ၁၁၁ ဦးအား အချက်အလက်ကောက်ယူမှုကို ကြည့်ရှုအားပေးပြီးပြည်သူများကိုထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖလမ်းမြို့တွင် အခြေခံအဆောက်အဦပြုပြင်ခြင်း လုပ်ငန်းများ၊ နေရပ်ပြန်ပြည်သူများကို ကူညီထောက်ပံ့ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပုံပြင်ပြောနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့တွင် ဖလမ်းမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှလွယ်ခန်းမ၌ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ ဖလမ်းမြို့ပေါ် ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၅၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့် အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန လေးခန်းတွဲနှစ်ထပ်အိမ်ရာနှစ်လုံးပြုပြင်နေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မိုးရာသီရောက်တိုင်း သတိထားသင့်သော ကျန်းမာရေး

ဒေါက်တာလွင်သန့်

မိုးရာသီ ရောက်လာသည်နှင့်အမျှ လေထုစိုထိုင်းဆမြင့်တက်ခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ခြင်ပေါက်ပွားရာနေရာများပြားလာခြင်းနှင့် ရောသနှံရှင်းရေးအခက်အခဲများကြောင့် တချို့သောကူးစက်ရောဂါများကို ပိုမိုသတိထားရန်လိုအပ်လာသည်။

မိုးရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါ၊ တုပ်ကွေးနှင့်ငှက်ဖျားရောဂါတို့ဖြစ်တတ်ပြီး နာစေး၊ ချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါများလည်း အဖြစ်များသည်။

ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန် အမှည့်လွန်အသီးများ မဆင်မခြင်စားသုံးခြင်းနှင့် စာကြွင်းစားကျန်အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်သည်။ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုလိုက်နာဆောင်ရွက်သင့်သည်။ ရေကို ကျိုချက်၍သောက်သင့်သည်။ လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးသင့်သည်။ ရာသီဥတုအပြောင်းအလဲကို သတိရှိသင့်သည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအခြင်ဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသသင့်သည်။ လိုအပ်ပါက နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသစစ်ဆေးကုသမှုခံယူသင့်သည်။

ဖျားနာသည့်အခါ ရေနှင့်ဓာတ်ဆားဓာတ်ဆုံးရှုံးမှုပိုများတတ်သည်။ ထိုသို့ဖြစ်စေသည့် အကြောင်းရင်းများစွာရှိသည်။ ကိုယ်အပူချိန်တက်လေလေ ခန္ဓာကိုယ်ရေဓာတ်နှင့် ဓာတ်ဆားဆုံးရှုံးမှုများလေလေဖြစ်သည်။ ထို့ပြင် ဝမ်းလျှောခြင်းနှင့် အန်ခြင်းတွဲဖြစ်ပါက ပို၍ဆုံးရှုံးမှုများနိုင်သည်။ ရေနှင့်ဓာတ်ဆားဆုံးရှုံးသည့်အခါ နာလန်ထရန် ကြန့်ကြာနိုင်သောကြောင့် သာမန်အချိန်များထက် ရေကို ပို၍သောက်သင့်သည်။ ထို့ပြင် ဓာတ်ဆားဆုံးရှုံးမှုပေါ်မူတည်၍ ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်သည်။

“ဖျားနာသည့်အခါ ရေနှင့်ဓာတ်ဆားဓာတ်ဆုံးရှုံးမှုပိုများတတ်သည်။ ထိုသို့ဖြစ်စေသည့် အကြောင်းရင်းများစွာရှိသည်။ ကိုယ်အပူချိန်တက်လေလေ ခန္ဓာကိုယ်ရေဓာတ်နှင့် ဓာတ်ဆားဆုံးရှုံးမှုများလေလေဖြစ်သည်။ ထို့ပြင် ဝမ်းလျှောခြင်းနှင့် အန်ခြင်းတွဲဖြစ်ပါက ပို၍ဆုံးရှုံးမှုများနိုင်သည်။ ရေနှင့်ဓာတ်ဆားဆုံးရှုံးသည့်အခါ နာလန်ထရန်ကြန့်ကြာနိုင်သောကြောင့် သာမန်အချိန်များထက် ရေကို ပို၍သောက်သင့်သည်။ ထို့ပြင် ဓာတ်ဆားဆုံးရှုံးမှုပေါ်မူတည်၍ ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်. . .”

လူအများစုမှာ အဖျားကျသည့်အခါ ချွေးများစိုရွှဲနေအောင် ထွက်တတ်သည်။ အလားတူ လည်ချောင်းနာခြင်း၊ ပါးစပ်ပျက်ခြင်း၊ ရေနှင့် အစာမဝင်ခြင်းတို့ခံစားရနိုင်သည်။

ထို့ပြင် ခေါင်းကိုက်ခြင်း၊ အာရုံစိုက်မရခြင်း၊ နုံးခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတို့ဖြစ်တတ်သည်။ ယင်သို့ ခံစားရသည့်အခါ ရေဓာတ်အပြင် ဓာတ်ဆားဓာတ်ပါဆုံးရှုံးနိုင်သည်။

ဖျားနာချိန်တွင် ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကာမိစေရန် အစာနှင့်ရေကို တတ်နိုင်သမျှ ဂရုတစိုက်စားသောက်ပေးရန်လိုအပ်သည်။ ထမင်းစားချင်စိတ်မရှိပါက ကြက်စွပ်ပြုတ်ရည်သောက်နိုင်သည်။ နေ့စဉ် ရေ(၂-၃)လီတာခန့် သောက်သင့်သည်။ ရေအပြင် စွပ်ပြုတ်၊ ဟင်းချို၊ အိုဗာတင်း၊ ဟောလစ်၊ မိုင်လိုတို့ကိုလည်း ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုပေါ်မူတည်၍ သောက်သုံးနိုင်သည်။ ဖျားနာနေချိန်တွင် အစားအစာလျှော့စားခြင်းက အစာအိမ်ကို အနားပေးခြင်းဖြစ်ပြီး ခန္ဓာကိုယ်အပူချိန်တက်ခြင်းကို တစ်နည်းအားဖြင့် ကုသနေဆဲကာလဖြစ်၍ ရေနှင့်ဓာတ်ဆားဓာတ် ဖြည့်ဆည်းပေးလျှင် လုံလောက်သည်။

ရာသီအကူးအပြောင်းကာလအတွင်း ဖျားနာခြင်းဖြစ်ပေါ်လာပါက-

ရေနွေးနွေးဖြင့်ရေချိုးပါ

ဖျားနာသည့်အခါ ရေမချိုးရဟု ယူဆကြသည်မှာ အပြည့်အဝမှန်ကန်မှုမရှိပေ။ ဖျားသည့်အခါ ကိုယ်အပူချိန်ကျသွားစေရန် ရေနွေးနွေးဖြင့် စိမ်ပြီးချိုးပေးသင့်သည်။ ထိုအခါ ရေအပူချိန်ကျဆင်းမှုနှင့်အတူ ကိုယ်အပူချိန်လည်း ဖြည်းဖြည်းချင်းကျဆင်းသွားသည်။

တဘက်ကိုရေစွတ်ပြီးကပ်ပေးပါ

တဘက်စ အနေတော်နှစ်စကိုယူ၍ ရေအေးအေး သို့မဟုတ် ရေခဲတုံးထည့်ထားသည့်ရေထဲစိမ်ကာ တဘက်စကို ရေညှစ်ပြီး နဖူးပေါ်၊ လက်ပေါ်၊ ခြေချင်းဝတ်နှင့်လည်ကုပ်ပေါ်တွင် ကပ်ပေးသင့်သည်။ အအေးလျှော့သွားတိုင်း လဲပြီး ကပ်ပေးသင့်သည်။

ရေများများသောက်ပါ

ရေများများသောက်ခြင်းက ခန္ဓာကိုယ်ကို ရေဓာတ်ဖြည့်ရာရောက်သကဲ့သို့ အဖျားကိုလည်း သက်သာစေနိုင်သည်။ အဖျားတက်ချိန်တွင် ရေများများသောက်ပေးလျှင် အဖျားအမြန်ကျစေသည်။ အချို့ရည်များမသောက်မိရန် သတိထားသင့်သည်။ အချို့ရည်က အဖျားကျအောင် မလုပ်ဆောင်နိုင်သည့်အပြင် ခန္ဓာကိုယ်ထဲရှိ ရေဓာတ်ကို ညစ်နွမ်းစေ၍ ရေများများသောက်သင့်သည်။

စွပ်ပြုတ်ခပ်နွေးနွေးသောက်ပါ

နေမကောင်းသည့်အခါ အားပြည့်ပြီး မြန်မြန်ကျန်းမာလာစေရန် ကြက်စွပ်ပြုတ်နွေးနွေးသောက်ပေးရသည်။ ကြက်စွပ်ပြုတ်က ကျန်းမာရေးကိုအထောက်အကူပေးပြီး ပရိတင်းဓာတ်ကိုရရှိစေသောကြောင့် ခန္ဓာကိုယ်ကိုအားရှိစေသည်။

အနားယူပေးပါ

တစ်ခါတစ်ရံတွင် ဖျားနာရသည့် အကြောင်းရင်းမှာ ခန္ဓာကိုယ်က အနားမရသောကြောင့်ဖြစ်သည်။ အိပ်ရေးပျက်များသည့်အခါ၊ အလုပ်မနားမနေလုပ်ရသည့်အခါ ခန္ဓာကိုယ်က အနားယူမှုမလုံလောက်သည့်အနေထားဖြစ်သွားပြီး အလွယ်တကူဖျားနာနိုင်သည်။ အဆိုပါအခြေအနေမျိုးတွင် ပြည့်ပြည့်ဝဝအနားယူလိုက်ခြင်းက ကိုယ်ခံအားကိုပြန်လည်ကောင်းမွန်စေနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ညဘက်တွင် ၈ နာရီခန့် နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်သင့်သည်။

အစားအစာခပ်ပျော့ပျော့စားသုံးပါ

ဖျားနာသည့်အခါ အစာမစားချင်ဖြစ်တတ်သည်။ ထိုအခါ သေချာစွာ နူးအောင်ချက်ထားသောအစာများ၊ ကြိတ်ခြေထားသောအစာနှင့် အစာကြေလွယ်သောအစာတို့ကို ရွေးချယ်စားသုံးပေးသင့်သည်။

စိတ်ဖိစီးမှုလျှော့ချပါ

စိတ်ဖိစီးမှုကလည်း ကိုယ်ခံအားကို ဒုက္ခပေးပြီး အဖျားဝင်စေနိုင်သောကြောင့် စိတ်ဖိစီးမှုကို အတတ်နိုင်ဆုံး ဖြေလျှော့သင့်သည်။ စိတ်ဖိစီးမှုနည်းမှသာ ကျန်းမာနိုင်မည်ဖြစ်သည်။

ကွန်ပျူတာနှင့် ဖုန်းအသုံးပြုခြင်းရှောင်ပါ

နေထိုင်မကောင်းလျှင် ပြည့်ပြည့်ဝဝ အနားယူသင့်သည်။ ကွန်ပျူတာနှင့် ဖုန်းအသုံးပြုခြင်းကိုလျှော့ချပါ။ ဖုန်းနှင့် ကွန်ပျူတာအသုံးများပါက အာရုံကြောများ အနားမရတဲ့ ကိုယ်ခံအားပြည့်စေရန် အတွက် အရေးပါသောအိပ်စက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။

ရာသီတုပ်ကွေးကာကွယ်ဆေး နှစ်စဉ်ထိုးနှံပါ

လူတိုင်း နှစ်စဉ်တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းက ရာသီတုပ်ကွေးဖြစ်ခြင်းမှ ရှောင်လွဲနိုင်သည်။ ကိုဗစ်-၁၉ ရောဂါကာလဖြစ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်၊ ထပ်ဆင့်မြှင့်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံသင့်သည်။ နာခေါင်းစည်းတပ်ခြင်း၊ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စက္ကန့် ၂၀ ကျော်ကြာ ပွတ်တိုက်ဆေးကြောခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ၆ ပေခွာခြင်း၊ လူစုလူဝေးရှောင်ခြင်းတို့ကို လိုက်နာသင့်သည်။

မိုးရာသီသည် သဘာဝပတ်ဝန်းကျင်အတွက် အရေးပါသည့် ရာသီတစ်ခုဖြစ်သကဲ့သို့ လူတို့၏ ကျန်းမာရေးကိုလည်း အထူးဂရုပြုရန် လိုအပ်သည့်ကာလဖြစ်သည်။ မိုးရေစိုစွတ်မှု၊ ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အားနည်းမှုများမှတစ်ဆင့် ရောဂါများဖြစ်ပေါ်နိုင်သဖြင့် မိမိကိုယ်တိုင်သာမက မိသားစုနှင့်ပတ်ဝန်းကျင်၏ ကျန်းမာရေးကိုပါ စောင့်ရှောက်သင့်သည်။ မိုးရွာခြင်းကို တားဆီး၍မရသော်လည်း မိုးရာသီကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအန္တရာယ်များကို မိမိ၏ အသိ၊ သတိဖြင့် ကာကွယ်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲကျင်းပ

ကျိုက်ထို စက်တင်ဘာ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန် စာဖတ်ရှုနိုင်မြှင့်တင်ရေးဟောပြောပွဲကို စက်တင်ဘာလ ၁၇ ရက်က ကျိုက်ထိုမြို့ ကျိုက်ပိကျေးရွာရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုသင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမေ်က ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် သဘာဝဘေးအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့်



စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။**ပြည့်ဖြိုး(ပြန်/ဆက်)**

ရွှေတောင်မြို့နယ်တွင် မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



ရွှေတောင် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စိုက်ပျိုးထားသော မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသော ဒေသခံတောင်သူများအနေဖြင့် မိုးစပါးစိုက်ဧကများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားမှုဖြင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဝင်များမှ ကြီးကြပ်၍ ပျိုးထောင်စနစ်ဖြင့်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနည်းများဖြင့် စိုက်ပျိုးကြသည်။

စိုက်ပျိုးနည်းစနစ်များအား ကွင်းသရုပ်ပြသခြင်း၊ နှစ်စဉ်မျိုးကောင်း မျိုးသန့်မျိုးစေ့များကို ပံ့ပိုးပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သရုပ်ပြသခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို သက်သာသော ဈေးနှုန်းဖြင့် တောင်သူများအား ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် စိုက်ပျိုးနည်း ပညာများ လက်တွေ့ကွင်းဆင်း သရုပ်ပြသပေးခြင်း လုပ်ငန်းများ၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောခြင်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)



သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

အထက်မင်းလှ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီတို့ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်ရှိ အသက် ၈၅ နှစ်နှင့်အထက်သက်ကြီးဘိုးဘွားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို စက်တင်ဘာလ ၁၈ ရက်မွန်းလွဲပိုင်းတွင် အိမ်တိုင်ရာရောက်လိုက်လံဆောင်ရွက်ပေးသည်။

မင်းလှမြို့၌ အမှတ်(၁)၊ အမှတ်(၅)၊ အမှတ်(၈)ရပ်ကွက်များရှိ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝဏ္ဏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချို သွေးချိုတိုင်းတာစစ်ဆေးပေးခြင်း၊ အောက်ဆီဂျင်တိုင်းတာစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကိုအခမဲ့ပေးအပ်သည်။

အဆိုပါ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်ရှိမှုမရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှနှင့် အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ခင်ဝင်းသိန်း(မြို့နယ်၊ပြန်/ဆက်)

ဆားလင်းကြီးမြို့နယ်၌ ဟင်းသီးဟင်းရွက် သီးနှံကေ ၅၀၀၀ ကျော်စိုက်ပျိုးမည်

ဆားလင်းကြီး စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံ ဧကေ ၅၀၀၀ ကျော် စိုက်ပျိုးမည် ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

"ဒီနှစ် လာမယ့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆားလင်းကြီးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ဂရတ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကိုတောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်" ဟု ဆားလင်းကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ဆားလင်းကြီးမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းနှင့်စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၀၉)**

စာဖတ်ခြင်းအကျိုးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော

ပျော်ဘွယ် စက်တင်ဘာ ၁၈

မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ကျောင်းသူများအနေဖြင့် စာဖတ်ခြင်းမှ ရရှိလာသည့် အသိပညာ၊ ဗဟုသုတနှင့် အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် ရည်ရွယ်၍ စာဖတ်ခြင်းအကျိုးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စန်းစန်းကြူက ကျောင်းသား၊ကျောင်းသူများအနေဖြင့် စာအုပ်စာပေများဖတ်ရှုရာတွင် မိမိတို့အတွက် အကျိုးကျေးဇူးရရှိစေမည့် စာပေအမျိုးအစားများအား ရွေးချယ်ဖတ်ရှုကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍စာဖတ်ခြင်းအကျိုးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောရာတွင် စာဖတ်ခြင်းဖြင့်အသိပညာနှင့်ဗဟုသုတများ တိုးပွားလာနိုင်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် စိတ်ကူးစိတ်သန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ဝေါဟာရများ ကြွယ်ဝလာနိုင်ခြင်းတို့အပြင် ကျောင်းစာလေ့လာရာတွင်လည်း အထောက်အကူဖြစ်စေနိုင်ကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာသော ကျောင်းသား၊ကျောင်းသူများက ကိုယ့်ကိုယ် ကိုယ်ချစ် နံပါတ်တစ် စာအုပ်အား ဖတ်ရှု၍ စာအုပ်ပါအကြောင်းအရာများကိုအပြန်အလှန် ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(၄၀၂)

အပူ အအေး သဘာဝဘေးကို

☞ အယ်လ်နီညို သတိပေး
သဘာဝဘေး အပူဒဏ်။
ပြောင်းလဲဖောက်ပြန် ဂေဟစနစ်
ဆန်းစစ်စေရန်။
အားလုံးညီတူ မွမ်းကာမံ
သွန်းကာအမှန် အားသစ်လောင်း။
မြေကမ္ဘာ ကျန်းမာရေးကို
အလေးပေးသင့်ကြောင်း။

☞ လာနီညာ စံလွန်အေး
သဘာဝဘေး သတိမူ။
သစ်တောသစ်ပင် ဆင်ခြင်ခုတ်
စွန့်ထုတ်အပူ။
ရေဆိုးအမှိုက် ဓာတ်ငွေ့မဟူ
နည်းစနစ်ယူ ထုတ်လွှတ်မှ။
မြေကမ္ဘာ အပူထိန်းလို့
ငြိမ်းချမ်းလှပ။

☞ ပညာရှင် ဗေဒသမားတို့
ဟန့်တားချက် ပြုခဲ့ပေ။
မြေကမ္ဘာ ကျန်းမာရေး
အလေးပေးစေ။
မလိုက်နာ လူအများကြောင့်
အပူပွား ရတတ်ပွေ
တစ်ဆူနေနဲ့ အအေးလှိုင်း။
ကြိုတင်ကာ ရင်ဆိုင်ခြင်းနဲ့
ဖြတ်နင်းခုတ်ပိုင်း။ ။

ကိုမျိုး(ပွင့်ဦး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၂၆(စနေနေ့)

၁။	၀၆:၀၃	တရားတော်
၂။	၀၇:၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၃။	၀၉:၄၀	ဆွေမျိုးပေါက်ဖော်မှ ရသအစုံစုံသုတအဖုံဖုံ
၄။	၁၀:၃၀	တစ်ပတ်အတွင်း စာပေအနုပညာသတင်း
၅။	၁၀:၄၅	လူသားနှင့်ဆိုက်ဘာအန္တရာယ်
၆။	၁၂:၃၀	လေးစားအတုယူစရာ စံနမူနာသူရဲကောင်းများ
၇။	၁၃:၁၅	တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၈။	၁၄:၄၅	တစ်ချိန်ကသူတို့အကြောင်း
၉။	၁၅:၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၀။	၁၇:၁၀	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၁။	**၁၈:၃၀**	ပြည်သူ့ကြားကပြည်သူ့စကား
၁၂။	**၁၈:၄၀**	နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၃။	**၁၉:၀၀**	**ရုပ်မြင်သံကြားဇာတ်လမ်း စောင်နီလေးတစ်ထည် (ပထမပိုင်း)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်းကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

သင်တန်း		စာမေးပွဲဖြေဆိုမည့်ရက်
ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြုဘာသာရပ်များအားလုံး	-	၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ
ဒုတိယအသုတ်အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊အရှေ့တိုင်းပညာ၊ဒဿနိကဗေဒ)	-	၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ
တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ)	-	၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် မြေအိုပဲ့ကျမှုဖြစ်ပွားခဲ့သည့် နေရာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



ပုသိမ် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပဲ့ကျမှုဖြစ်ပွားခဲ့သည့် နေရာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ရှိသူများက ကမ်းပါးရှေ့ ရေထဲပိုင်း Floating unit နှင့် သဲအိတ်ဆွဲသစ်ကိုင်းများချထားခြင်း၊ Steel Cable ၁ ချောင်း ချထားဆောင်ရွက်ခြင်း၊ BD သောင်တူးရေယာဉ်ဖြင့် သဲသောင်တူးဖော်ဆောင်ရွက်ခြင်း၊ ယာယီပန်းတာ အမြင့်မှတ် ၂၂ ပေနှင့် အလျား ပေ ၆၀၀ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မည့်အခြေအနေ၊ တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း လုပ်ငန်းအလျားပေ ၂၅၀ အား အမြင့်မှတ် ပေ ၂၀ ဖြင့် တာခြေထောက်ပြုလုပ်သွားမည့် အခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ကျင်းပသည့်ပုသိမ်မြို့မြို့ဝင်မုခ်ဦးတည်ဆောက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးနှင့်တက်ရောက်လာသူများ၏မြို့ဝင်မုခ်ဦးဒီဇိုင်းနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ မုခ်ဦးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတင်ပြမှု အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ၂၀၂၇ ခုနှစ်တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် စာစစ်မှူးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မကျီးပင်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊လေ) တပ်ဖွဲ့များ၏စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြပြီး ကျောင်းသား၊ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊တတိယဆု၊နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ် -

“နေပြည်တော်တပ်ကုန်းမြို့နယ် အ-ထ-က မကျီးပင်ကျောင်းက ကျောင်းအုပ်ကြီးပါရှင်။ ခရီးထွက်လာရတဲ့အတွက် သူတို့စိတ်တွေ ပေါ့ပါးလန်းဆန်းသွားတယ်။ ပြင်ပလောကနဲ့ သူတို့စာသင်ခန်းနဲ့ ချိတ်ဆက်တယ်။အခုတော့ စူးစမ်းလေ့လာလိုစိတ်တွေ တိုးတက်လာတယ်။ ပေါင်းသင်းဆက်ဆံရေးတွေလည်း ပိုပြီးတော့ နိုးကြားလာတယ်။ အခုဒီစစ်သမိုင်းပြတိုက်မှာပြတဲ့ အသိပညာတွေ ပြကွက်တွေနဲ့ သူတို့လေ့လာကြည့်ပြီးတဲ့အခါကျမှ သူတို့က နိုင်ငံရဲ့သမိုင်းကြောင်းတွေလည်း သိရှိလာတယ်။ နိုင်ငံချစ်စိတ်မျိုးချစ်စိတ်တွေ နိုးကြားတက်ကြွလာတယ်။သားကောင်သမီးကောင်းလေးတွေဖြစ်လာစေမယ့်အကျိုးကျေးဇူးတွေရရှိနိုင်ပါတယ်ရှင်။ လေ့လာရေးကိုစီစဉ်ပေးတဲ့အထက်လူကြီးတွေ အားလုံးကိုလည်း ကျောင်းသူ၊ကျောင်းသားတွေအတွက် ရော ဆရာ၊ ဆရာမတွေအတွက်ရော အကျိုးကျေးဇူးတွေအများကြီးပေးနိုင်တဲ့အတွက် ကျေးဇူးအထူးတင်ရှိရကြောင်းပြောကြားလိုပါတယ်ရှင်”ဟုပြောသည်။

“သမီး စစ်သမိုင်းပြတိုက်ကို လာရောက်ဖြစ်ခဲ့တဲ့အတွက် ဗဟုသုတတွေအများကြီးရရှိတယ်။ အဲ့ဒါကြောင့်မို့လို့သွားဖို့အတွက်ကျောင်းက ဆရာ၊ ဆရာမတွေကလည်း အများကြီးတိုက်တွန်းတယ်။ ဒါ့အပြင် တာဝန်ရှိလူကြီးတွေကနေပြီးတော့လည်း သမီးတို့ကိုအဘက်ဘက်ကနေပြီးတော့ ဖြည့်ဆည်းပေးတဲ့အတွက်ကြောင့်မို့လို့ လာရောက်လေ့လာနိုင်ခြင်းဖြစ်ပါတယ်ရှင်။ သမီး ဒီကိုလာရောက်ပြီး လေ့လာရတဲ့အခါမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် သူတို့ရဲ့အသက်တွေကိုသူတို့ရဲ့အသက်နဲ့ ချွေးတွေကိုဘယ်လိုရင်းခဲ့ရတယ်။ သူတို့ရဲ့ရဲစွမ်းသတ္တိတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်ရှင်”ဟုပြောသည်။

(၁၀၀)



ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင်ပါဝင်ဆောင်ရွက်လာစေရန်အတွက် မီဒီယာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရန် မှာကြား



တောင်ငူ စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက် ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာစေရန်အတွက် မီဒီယာအခန်းကဏ္ဍမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထိန်လင်းက ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်ပြီး အဆိုပါရုံးရှိ တာဝါတိုင်နှင့် ဂြိုဟ်တုစလောင်းများ တပ်ဆင်အသုံးပြုနေမှု၊ မီးစက်ခန်း၊ ထပ်ဆင့်လွှင့်စက်ခန်းအတွင်း ရုပ်မြင်သံကြားနှင့် FM လိုင်းများ အချိန်နှင့်တစ်ပြေးညီ ထပ်ဆင့်ထုတ်လွှင့်ပေးနေမှု၊ ရုပ်သံလိုင်းများ အရည်အသွေးကောင်းမွန်စွာထုတ်လွှင့်ပေးနိုင်ရေးဆောင်ရွက်ထားရှိမှုနှင့် စက်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါရုံးရှိ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်များ၊ တောင်ငူခရိုင်ရုံးရွှေ့လျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ၊ သုံးဘီးယာဉ်ဖြင့် နယ်လှည့်ဆောင်ရွက်မှုမှတ်တမ်းများ၊ ပြည်သူ့ဝန်ဆောင်မှုစာပေရေချမ်းစင်တွင် စာအုပ်စာစောင်များ ခင်းကျင်းပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်၊ ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ နှစ် ၁၀၀ ကျော်မှ တောင်ငူမှတ်တမ်းဓာတ်ပုံများ၊ Comunity Centre ရှိ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများနှင့် ကွန်ပျူတာသင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် တာဝါနှင့်ဂြိုဟ်တုစလောင်းများ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရုပ်မြင်သံကြားနှင့် FM အစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများထံ သတင်းနှင့်ဖျော်ဖြေရေးအစီအစဉ်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးရန်နှင့် ထုတ်လွှင့်မှုမပြတ်တောက်စေရေးအထူးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ အဆိုပါရုံးတွင် နံရံကပ်စာစောင်များထားရှိမှု၊ စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်)ရှိ Studio-B၌ နိုင်ငံတော်သံစုံတီးဝိုင်းဖြင့် အာဆီယံဒေသတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံဆိုင်ရာ တေးသီချင်းများ ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့ ရွှေထွဋ်တင် (Hexagon Complex)၌ ဂဏော်ရှိပွဲတော်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ဂဏော်ရှိပွဲတော် (ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းပွဲတော်)ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွဋ်တင် (Hexagon Complex)၌ကျင်းပသည်၊

ပွဲတော်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Abahay Thakur က အဖွင့်အမှာစကား ပြောကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များက ဆုတောင်းမေတ္တာပို့ကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ပွဲတော်သည် မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင်များအတွက်ဘာသာရေးနှင့်ယဉ်ကျေးမှုအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်သည့် အခမ်းအနားကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံနှင့် လူမျိုးပေါင်းစုံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ ပိုမိုတိုးတက်ခိုင်မာစေပါကြောင်းပြောကြားပြီး အိန္ဒိယယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°C	/	၃၄°C
ရန်ကုန်	၂၅°C	/	၃၅°C
မန္တလေး	၂၇°C	/	၃၆°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိပြီး ကျေညာသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် လူမှုအသိုက်အဝန်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ ပူးပေါင်းပါဝင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြားက ပေါင်းကူးတံတားများဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားများကင်းပြီး စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြမှသာလျှင် ပြည်သူများ၏ယုံကြည်မှုကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြားက ပေါင်းကူးတံတားများဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားများကင်းပြီး စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြမှသာလျှင် ပြည်သူများ၏ယုံကြည်မှုကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးလွန်းဘော်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တားဆီးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

စိုက်ပျိုးရေးလုပ်ငန်းများရေရှည်တည်တံ့ဖို့ မြေဆီလွှာကိုထိန်းသိမ်းကြစို့

စုပြည့်ပြည့်ဝင်း(စိုက်/သု)

မြေဆီလွှာသည် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး၏ အခြေခံဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စွာဆောင်ရွက်နိုင်ရန် မြေဆီလွှာကို အစဉ်အမြဲထိန်းသိမ်းသွားရန် လိုအပ်သည်။ ထိုသို့ မြေဆီလွှာကိုထိန်းသိမ်းနိုင်မှသာလျှင် စိုက်ပျိုးသူများ အသုံးပြုလိုက်သော သွင်းအားစုများ(ရေ၊ မြေဩဇာနှင့် အခြား)ကို သီးနှံပင်များမှရရှိ၍ အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ပြီး အထွက်နှုန်းကောင်းစေနိုင်မည်ဖြစ်သည်။

ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအပါအဝင် စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများကို ပိုမိုအသုံးချလာခြင်းသည် အထွက်နှုန်းတိုးစေပြီး အစာရေစာရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်သည်မှာ မှန်သော်လည်း ထိုသို့ စိုက်ပျိုးရေးသွင်းအားစုများ(အထူးသဖြင့် ဓာတုမြေဩဇာများ)လွန်ကဲစွာအသုံးပြုခြင်းကြောင့် ရေရှည်တွင်စိုက်ပျိုးထုတ်လုပ်ရာမိခင်မြေဆီလွှာကို ယိုယွင်းပျက်စီးလာစေနိုင်သည်။ ယနေ့စိုက်ပျိုးရေးလုပ်ငန်းများတွင် ထယ်ရေးမဲ့စိုက်ပျိုးရေးလုပ်ငန်းများအစား စက်ကိရိယာများအသုံးပြု၍ မြေဆီလွှာထွန်ယက်ခြင်းလုပ်ငန်းများကို အဆမတန်ဆောင်ရွက်လာခြင်းကြောင့် မိခင်မြေဆီလွှာ၏ မူလပုံသဏ္ဌာန်မှာ တဖြည်းဖြည်းပုံစံပျက်လာခြင်း၊ မြေသိပ်သည်း/မြေကျပ်လာခြင်း၊ ရေထိန်းနိုင်စွမ်းကျဆင်းလာခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးပိုင်းများ တဖြည်းဖြည်းကျဆင်းလာသည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်ရာ မြေဆီလွှာ၏ဇီဝပိုင်း၊ ဓာတုပိုင်းတို့ကို သိရှိထားရန်နှင့် အစဉ်အမြဲထိန်းသိမ်းသွားရန်လိုအပ်သည်။ စိုက်ပျိုးမြေ၏အော်ဂဲနစ်ကာဗွန်ပါဝင်မှု၊ အော်ဂဲနစ်ပစ္စည်းပါဝင်မှုအခြေအနေများ၊ မြေဆီလွှာထိန်းသိမ်းရေးနည်းလမ်းများ၊ မြေဆီလွှာ၏ကာဗွန်ထိန်းသိမ်းနိုင်စွမ်းအခြေအနေများနှင့်ဆက်စပ်၍ အမြဲဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးသူများအနေဖြင့် ရေရှည်တည်တံ့စွာ လုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။ မြေဆီလွှာ၏ကာဗွန်ထိန်းသိမ်းနိုင်မှုအခြေအနေများ၊ ကာဗွန်နှင့်အော်ဂဲနစ်ဓာတ်ပါဝင်မှုအခြေအနေများ၊ မြေဆီလွှာအတွင်း အခြားဓာတ်ပါဝင်မှုအခြေအနေများ၊ မြေဆီလွှာထိန်းသိမ်းကာကွယ်နည်းစနစ်များ စသည်တို့မှာ မြေဆီလွှာကျန်းမာမှုနှင့် များစွာချိတ်ဆက်နေသည်။

မြေဆီလွှာမှာပါဝင်တဲ့အော်ဂဲနစ်ဓာတ်ကဘယ်လိုအရေးပါသလဲ

မြေဆီလွှာအတွင်း ၅ ရာခိုင်နှုန်းခန့်သာပါဝင်သော အော်ဂဲနစ်ဓာတ်မှာ မြေ၏ဇီဝ၊ ဓာတုနှင့် ရူပဂုဏ်သတ္တိများအပေါ်များစွာသက်ရောက်မှုရှိသည်။ မြေဆီလွှာအတွင်းရှိ အော်ဂဲနစ်ဓာတ် (SOM–Soil Organic Matter)ဆိုသည်မှာ အပင်များအပါအဝင် အခြားသောတိရစ္ဆာန်များ၊ အဏုဇီဝသက်ရှိများအားလုံး သေကျေပြီးနောက် မည်သည့်ပုံစံဖြင့်ဆွေးမြည့်သည်ဖြစ်စေ ၎င်းဆွေးမြည့်မှုမှ မြေတွင်ကြွင်းကျန်နေရစ်သော ကာဗွန်ပါဝင်သည့် မည်သည့်အစိတ်အပိုင်းကိုမဆိုခေါ်သည်။ အကြမ်းအားဖြင့် SOM တွင် ကာဗွန်(C)၊ ဟိုက်ဒရိုဂျင်(H)၊ အောက်ဆီဂျင် (O)၊ နိုက်ထရိုဂျင်(N)နှင့် ဖော့စဖောရပ်(P)တို့ပါဝင်သည်။

အော်ဂဲနစ်ဓာတ်ကြွယ်ဝစွာပါဝင်သော မြေဆီလွှာမှာ အခြားမြေအမျိုးအစားများထက် ရူပဂုဏ်သတ္တိကောင်းမွန်သည်။



၎င်းမြေအမျိုးအစားသည် Bulk density (Bd) ခေါ် သိပ်သည်းဆနည်း၍ မြေဖွယ်/မွသည်။ ရေထိန်းစွမ်းအား(Water Holding Capacity–WHC)မြင့်သည်။ မြေလုံးမြေခဲလေးများ ဖြစ်ပေါ်မှုကို အားပေးကာ မြေတိုက်စားမှုကိုသက်သာစေသည်။ အဏုဇီဝသက်ရှိများအတွက် လိုအပ်သော အစားအစာအရင်းအမြစ်(ကာဗွန်အရင်းအမြစ်)များစွာကို ထောက်ပံ့နိုင်ကာ မြေ၏အဏုဇီဝအရေအတွက်ကို တိုးစေကာ အဏုဇီဝသက်ရှိများ၏ လုပ်ဆောင်နိုင်စွမ်းကို ပိုကောင်းစေသည်။ ထိုသို့ မြေဆီလွှာ၏ အဏုဇီဝသက်ရှိများ၏လုပ်ဆောင်နိုင်စွမ်းကောင်းမွန်လာမှုကြောင့် မြေတွင်ကာဗွန်အရင်းအမြစ်များစွာ ရေရှည်သိုလှောင်လာနိုင်ကာ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် အခြားဖန်လုံအိမ်ဓာတ်ငွေ့များ ရောက်ရှိမှုလျော့နည်းစေကာ ကမ္ဘာကြီးပူနွေးလာမှုကို ဟန့်တားနိုင်မှုမှတစ်ဆင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် သက်ရောက်မှုရှိစေနိုင်သည်။ အပင်အတွက်လိုအပ်သော အနည်းလိုအာဟာရဓာတ်များစွာကို ကြာရှည်ထိန်းပေးနိုင်ရုံမျှမက လိုအပ်လျှင်လိုအပ်သလိုထောက်ပံ့ပေးနိုင်သည်။ SOM ပါဝင်မှုများသော မြေဆီလွှာကို မြေဆီဩဇာထက်သန်သောမြေဟုဆိုနိုင်သည်။ ဓာတုပိုင်းအနေဖြင့် SOM ပါဝင်မှုများသော မြေသည် မြေ၏ချဉ်ငန်ကိန်း၊ အာဟာရဓာတ်ပါဝင်မှုတို့ကို ထိန်းပေးထားနိုင်သည်။ Soil Organic Carbon (SOC) ၁၂ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းထိ ပါဝင်သောမြေကို Organic soil ဟုခေါ်သည်။ ယာမြေများတွင် SOM ပမာဏ ၁ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းထိပါဝင်၍ ကန္တာရမြေများတွင် ၁ ရာခိုင်နှုန်းအောက်သာပါဝင်သည်။


SOM ဖြစ်ပေါ်ရန် အဆင့်သုံးဆင့်လုပ်ဆောင်ရသည်။ ပထမဦးစွာ အပင်နှင့် တိရစ္ဆာန်အကြွင်းအကျန်များကို မြေဆီလွှာအဏုဇီဝသက်ရှိများမှ ချေဖျက်ခြင်း၊ ဒုတိယအဆင့်တွင် အပင်နှင့်တိရစ္ဆာန်အကြွင်းအကျန်များမှာ အဏုဇီဝသက်ရှိများ၏ ဇီဝဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ကြေမွပျက်စီးသွားခြင်းနှင့် နောက်ဆုံးတွင် အပင်နှင့်တိရစ္ဆာန်အကြွင်းအကျန်များမှာ ၎င်းတို့၏မူလပုံစံလုံးဝမရှိတော့ဘဲ ဟျူးမတ်(Humus)ခေါ် သစ်ဆွေးမြေအဖြစ် ပြောင်းသွားခြင်းစသည်တို့ဖြစ်သည်။

SOM ၏ မူလအရင်းအမြစ်မှာ အပင်အကြွင်းအကျန်၊ တိရစ္ဆာန်အညစ်အကြေးများ၊ အမှိုက်သရိုက်များဖြစ်သည်။ ၎င်းအပင်အကြွင်းအကျန်၊ တိရစ္ဆာန်အညစ်အကြေးများ၊ အမှိုက်သရိုက်များသည် မြေအောင်းအကျိုးပြု အဏုဇီဝသက်ရှိများ၏ လုပ်ဆောင်ချက်များအရလည်းကောင်း၊ အခြားဇီဝဓာတုဖြစ်စဉ်များအရလည်းကောင်း၊ အပင်၏အမြစ်စစ်ထုတ်ရည်များနှင့်ဓာတ်ပြုခြင်းများဖြစ်၍လည်းကောင်း SOM ဖြစ်ပေါ်မှုတွင် ကူညီပေးသည်။ လတ်လတ်ဆတ်ဆတ်ရှိနေသော အပင်အကြွင်းအကျန်များမှာ ရေဓာတ် ၆၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိပါဝင်၍ ရေဓာတ်ဆုံးရှုံးသွားပြီး ခြောက်သွေ့သွားသောအခါ ၎င်း Dry Matter ၏ ၉၂ ရာခိုင်နှုန်းမှာ ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့်အောက်ဆီဂျင်တို့ဖြစ်၍ ကျန် ၈ ရာခိုင်နှုန်းမှာ N,P, K, Ca,Mg,S နှင့် အခြားအနည်းလိုအာဟာရဓာတ်များဖြစ်သည်။

SOM ဖွဲ့စည်းရာတွင် အဓိကပါဝင်သော vegetal extract မှာ ပုံမှန်အခြေအနေတွင် အပင်ရယူစားသုံးနိုင်ခြင်းမရှိဘဲ ၎င်းကို အဏုဇီဝသက်ရှိများ၏ကြေမွဖျက်ဆီးပေးမှုကြောင့် ပါဝင်နေသောအာဟာရဓာတ်များမှာ အပင်ရယူစားသုံးနိုင်သော ပုံစံအဖြစ်ပြောင်းသွားသည်။

အော်ဂဲနစ်ဓာတ်ပါဝင်မှု တိုးလာစေရန် ဆောင်ရွက်ရန်နည်းလမ်းများ

စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့်လည်း မိမိတို့စိုက်ပျိုးရာ မြေဆီလွှာတွင် SOM ပမာဏတိုးလာစေနိုင်သော နည်းလမ်းများကို ဆောင်ရွက်သင့်သည်။



စိုက်ပျိုးရေးတွင် ဆောင်ရွက်နေရမြဲဖြစ်သော ထယ်ထိုးထွန်မွေခြင်း(tillage)မှာ မြေဆီလွှာဖွဲ့စည်းပုံကို ထိခိုက်ပျက်စီးစေ၍ မြေတွင်တည်မြဲနေသော ကာဗွန်အရင်းအမြစ်ကို လေထုထဲသို့ရောက်စေသည်။ ထိုကဲ့သို့မဖြစ်စေရန် Zero tillage ခေါ် ထယ်ရေးမဲ့စိုက်ပျိုးနည်းသုံးပေးသင့်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် မြေဆီလွှာကို အနားမပေးဘဲ ဆက်တိုက်စိုက်ပျိုးပါက မြေဆီလွှာတွင် အာဟာရဓာတ်ကုန်ခန်းခြင်း(nutrient depletion)ဖြစ်လာသည်။ တစ်နည်းအားဖြင့် မြေပန်းလာသည်။ ထိုအခါ စိုက်ပျိုးသူအနေဖြင့် မြေလုပ်ထား၊ မြေနားထားရန်လိုအပ်လာသည်။ မြေလုပ်ခြင်းထက်ပို၍ ကောင်းမွန်သောဖြေရှင်းနည်းတစ်ခုမှာ မြေဆီဩဇာဓာတ် တိုးစေရုံမျှမက မြေတိုက်စားမှုသက်သာစေသော သစ်စိမ်းမြေဩဇာပင်များ(ပဲလွမ်း၊ ပိုက်ဆံလျှော်)ကို မြေဖုံးသီးနှံအဖြစ်စိုက်ပျိုးပေးနိုင်သည်။ ပိုက်ဆံလျှော်ကဲ့သို့ အပင်များတွင် ပန်းပွင့်ချိန်၌ ထယ်ထိုး/မြှုပ်ပေးပြီး မြေသို့ပြန်ဖြည့်ပေးခြင်းအားဖြင့် SOM ပမာဏတိုးလာစေနိုင်သည်။

ထယ်ရေးမဲ့စိုက်ပျိုးရေး(Zero Tillage)

သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး (Conservation Agriculture– CA)တွင်

(၁) မြေကိုထွန်ယက်မှုအနည်းဆုံးဖြင့် ဆောင်ရွက်သည့် နည်းလမ်း(Zero tillage)၊

(၂) ရေအလေအလွင့်ဖြစ်မှုကိုလျော့နည်းစေကာ ရေအသုံးချမှုလျော့ချပေး၍ မြေဆီလွှာအစိုဓာတ် ထိန်းပေးနိုင်သော မြေဖုံးခြင်းနည်းလမ်း (Mulching)

(၃) သီးလှည့်စိုက်ပျိုးခြင်း(Crop rottion) တို့ပါဝင်သည်။

Zero tillage ဆိုသည်မှာ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ မည်သည့်မြေပြုပြင်ဆောင်ရွက်ခြင်းကိုမျှ မပြုလုပ်ဘဲ သီးနှံစိုက်ပျိုးသောနည်းလမ်းတစ်ခုဖြစ်သည်။ Zero tillage နည်းလမ်းမှာ မြေတိုက်စားမှုဖြစ်လေ့ရှိသောဒေသများတွင်လည်းကောင်း၊ လုပ်သားရှားပါး၍ စိုက်ပျိုးကုန်ကျစရိတ်မတတ်နိုင်သော စိုက်ပျိုးသူများအတွက်လည်းကောင်း သင့်လျော်သောနည်းတစ်ခုဖြစ်သည်။ မြေကိုထွန်ယက်မထားသောမြေဆီလွှာမှာ သမားရိုးကျပြုပြင်ထားသောမြေထက် တစ်သားတည်းဖြစ်နေရုံမျှမက မြေဆီလွှာ၏ အဏုဇီဝသက်ရှိအရေအတွက် (Microbial population)ကိုပါ တိုးလာစေနိုင်သည်။ အထူးသဖြင့် Zero tillage ဆောင်ရွက်ထားသော မြေဆီလွှာတွင် တီအရေအတွက်တိုးလာကာ အော်ဂဲနစ်ဓာတ်ပါဝင်မှုများလာနိုင်၍ မြေ၏ဖွဲ့စည်းပုံကို ပိုမိုကောင်းမွန်စေသည်။ မြေဆီလွှာအပေါ်ယံမျက်နှာပြင်ပျက်စီးဆုံးရှုံးမှုကို ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ လျော့ချပေးနိုင်သည်။ သို့သော် Zero tillage အတွက် ပေါင်းကာကွယ်နှိမ်နင်းခြင်းဆောင်ရွက်ရန်ကိုမူ ပေါင်းသတ်ဆေးများအသုံးပြုရလေ့ရှိသည်။ စိုက်ပျိုးဆောင်ရွက်ခြင်းများမစတင်မီ ရွေးချယ်မယ့်ပေါင်းသတ်ဆေးများ(Non selective herbicides)၊ broad spectrum herbicide များကိုသုံး၍ ပေါင်းနှိမ်နင်းပေးရသည်။ Zero tillage ဆောင်ရွက်ရာတွင် တိုက်ရိုက်မျိုးစေ့ချနည်းလမ်းကိုအသုံးပြုကြသည်။

Zero tillage အသုံးပြုခြင်းဖြင့် များစွာသော အကျိုးကျေးဇူးများရနိုင်သည်။ စိုက်ပျိုးရေးသုံးစက်ကိရိယာများအသုံးမပြုရသည့်အတွက် ဒီဇယ်နှင့်လုပ်သားကုန်ကျစရိတ်သက်သာစေသည်။ သမားရိုးကျစိုက်ပျိုးခြင်းထက် အထွက်နှုန်း ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ တိုးလာနိုင်သည်။ Zero tillage ဆောင်ရွက်ရာတွင် Seed cum fertilizer drill (မျိုးစေ့နှင့်မြေဩဇာကို ရောနှောချပေးသော ကိရိယာ)ကို အသုံးပြုကြသည်။

မြေဆီလွှာရှိ အော်ဂဲနစ်ကာဗွန်(Soil Organic Carbon)

သက်ရှိများ သေကျေပျက်စီးပြီး ဆွေးမြည့်ခြင်းဖြစ်စဉ် ဖြစ်ပြီးနောက် မြေတွင်ကြွင်းကျန်ရစ်သော ကာဗွန်ကို ခေါ်သည်။

စာမျက်နှာ ၁၃ သို့➤

➤ စာမျက်နှာ ၁၂ မှအဆက်

ၚင်းကြွင်းကျန်ပစ္စည်းများမှာ အော်ဂဲနစ်ကာဗွန် (Organic Carbon-OC)၏ တစ်စိတ်တစ်ပိုင်းဖြစ်၍ ၎င်း OC မှာ မြေဆီလွှာ၏ ရူပ၊ ဓာတုနှင့်ဇီဝဂုဏ်သတ္တိများကို တိုးတက်ကောင်းမွန်စေသည်။ ထိုသို့အော်ဂဲနစ်ကာဗွန်ပါဝင်သောမြေကို အသက်ရှင်နေသောမြေဆီလွှာ – Alive soil ဟုခေါ်ကြ၍ အော်ဂဲနစ်ကာဗွန်ပါဝင်ခြင်းမရှိသောမြေဆီလွှာကို Dead soil ဟုခေါ်သည်။ မြေဆီလွှာ၏ဘူမိဖြစ်စဉ်များ၊ ရာသီဥတုအခြေအနေများနှင့် မြေယာအသုံးချမှုပုံစံတို့ပေါ်မူတည်၍ မြေဆီလွှာ၏ OC ပါဝင်မှုမှာ တစ်နေရာနှင့်တစ်နေရာ မတူညီကြပေ။ ပျမ်းမျှအားဖြင့် မြေအပေါ်ယံအလွှာ ၂ မီတာအနက်တွင် OC ပမာဏ ၂၅၀၀ pg –petagram(10^{-15}) ထိပါဝင်သည်။ မြေဆီလွှာရှိ OC ပမာဏမှာ လေထုအတွင်းရှိ OC ပမာဏထက်ပိုများသည်။ ထို့ကြောင့် မြေဆီလွှာကို ကမ္ဘာ၏အဓိကကာဗွန်သိုလှောင်ထားနေရာ (main reservoir of carbon)ဟုခေါ်သည်။

မြေဆီလွှာတွင်ရှိနေသော အော်ဂဲနစ်ကာဗွန်များမှာ မြေ၏ဓာတုဂုဏ်သတ္တိဖြစ်သည့် မြေချဉ်ငန်ကိန်း (pH)ကို မျှခြေအနေအထားတွင် ထိန်းထားပေးသည်။ ချေဖျက်ရန်ခက်ခဲသည့် သတ္တုများ (ခဲ၊ မာကျူရီ၊ ဇင့်၊ ကတ်မီယမ်)ကို Bind လုပ်ပေးထားနိုင်သည်။ ဇီဝပိုင်းအနေဖြင့် မြေ၏ဇီဝဖြစ်စဉ်များအတွက်လိုအပ်သော စွမ်းအင်ကိုပေးနိုင်သည်။ အပင်အတွက် လိုအပ်သော အာဟာရဓာတ်များ (နိုက်ထရိုဂျင်၊ ဖော့စဖောရပ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်နှင့်ကော့ပါး)ကို ထောက်ပံ့ပေးနိုင်သည်။ မြေဆီလွှာ၏အပူချိန်ကို အပူလွန်၊ အအေးလွန်မဖြစ်စေရန် ထိန်းထားပေးခြင်း၊ မြေ၏ရေထိန်းစွမ်းအားကိုကောင်းမွန်စေခြင်း စသည့် အကျိုးများရနိုင်သည်။ OC များရှိနေသော မြေဆီလွှာမှာ တိုက်စားခံရမှုလျော့ပါးသက်သာသည်။

အော်ဂဲနစ်ကာဗွန်များ ရှိနေသော မြေဆီလွှာသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေး၏ အခြေခံဟုဆိုနိုင်သည်။ ထို့ကြောင့် စိုက်ပျိုးသူများသည် ၎င်းတို့စိုက်ပျိုးရာ မြေဆီလွှာဂေဟစနစ်တွင် OC တိုးလာစေနိုင်သော သဘာဝပစ္စည်းများ၊ နည်းစနစ်များကို ပို၍ လိုလားစွာ ဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။ မြေဆီလွှာတွင် OC ပမာဏတိုးလာသော အခါ မြေဆီဩဇာ (soil fertility)ကောင်းစေသည်။ OC မှာ မြေဆီလွှာရှိ အဏုဇီဝသက်ရှိများအတွက် အစာအာဟာရအရင်းအမြစ်သဖွယ်ဖြစ်စေခြင်းကြောင့် OC များစွာပါဝင်သောမြေတွင် microbial population တိုးလာစေကာ မြေ၏ဇီဝဂုဏ်သတ္တိတက်လာစေနိုင်သည်။

ကာဗွန်ထိန်းသိမ်းခြင်း နည်းလမ်း–ကာဗွန်နေရာမှန်အထိုင်ချခြင်း (Carbon sequestration)

အပင်များ၊ သမုဒ္ဒရာများနှင့် မြေဆီလွှာအတွင်းတွင် ကာဗွန်များရေရှည်သိုလှောင်ထားခြင်းကို ကာဗွန်နေရာမှန်အထိုင်ချခြင်း (Carbon sequestration) ဟုခေါ်သည်။ ယနေ့အခါ လေထုညစ်ညမ်းမှုဖြစ်စေသော ကာဗွန်အရင်းအမြစ်များ များစွာရှိသည်ဖြစ်ရာ နောက်ဆက်တွဲအနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုမှာ အဓိကပြဿနာတစ်ရပ်ဖြစ်လာသည်။ သဘာဝအရသော်လည်းကောင်း၊ စက်ရုံအလုပ်ရုံစွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘေးထွက်ပစ္စည်းများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မှာ အလွန်ပြင်းအားများသော ဖန်လုံအိမ်ဓာတ်ငွေ့တစ်မျိုးဖြစ်သည်။ ၎င်း CO_2 မှာ ကမ္ဘာ့မြေမျက်နှာပြင်မှ ထုတ်လွှတ်လိုက်သော အနီအောက်ရောင်ခြည် (infrared ray)များစွာကို စုပ်ယူထားသည်။ CO_2 များလေ အနီအောက်ရောင်ခြည်ကိုစုပ်ယူနိုင်လေလေဖြစ်ကာ ထိုမှတစ်ဆင့် လေထုအတွင်းတွင် အပူများ Trap ဖြစ်လာကာ ကမ္ဘာကြီးပူနွေးမှုဖြစ်လာစေသည်။

လေထုထဲသို့ CO_2 ဝင်ရောက်နိုင်ခြင်းမရှိအောင် ထိန်းပေးထားသောနေရာကို Carbon reservoirs သို့မဟုတ် Carbon sink ဟုပြောကြသည်။ သစ်တောများစိုက်ပျိုးပေးခြင်းဖြင့် လေထုထဲမှ CO_2 ကို အလင်းမီအစာချက်ခြင်းဖြင့် ဖမ်းယူပေးကာ ၎င်းဖမ်းယူထားသော ကာဗွန်ကို အပင်များထဲတွင် Glucose ပုံစံအဖြစ် လည်းကောင်း၊ မြေတွင် ဇီဝဒြပ်ထု (Biomass)ပုံစံအဖြစ် လည်းကောင်း သိုလှောင်ထိန်းပေးထားနိုင်သည်။ ဤသို့ဖြင့် လေထုအတွင်းရှိ CO_2 ပမာဏကို လျော့နည်းစေသည်။ သို့သော် ယနေ့အခါများယွင်းသော မြေယာအသုံးချမှုပုံစံများ၊ သစ်တောမြေဧရိယာများ ပြုန်းတီးမှု၊ ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှုများကြောင့် လေထုထဲသို့ရောက်ရှိသော CO_2 ပမာဏမှာ ပိုများလာသည်။

Carbon sequestration တွင် (၁) Afforestation ဟုခေါ်သော တလင်းမြေ (သို့) မြေလွတ်မြေရိုင်းများကို သစ်တောမြေအဖြစ် ထူထောင်ခြင်း၊ (၂)Reforestation ဟုခေါ်သော ယခင်ရှိနေသောသစ်တောမြေများကို ပြန်လည်ထိန်းသိမ်းစိုက်ပျိုးပေးခြင်းတို့ကိုဆောင်ရွက်လေ့ရှိကြသည်။

IPCC–Intergovernmental Panel on Climate Change ၏ ခန့်မှန်းချက်အရ သစ်တောစိုက်ပျိုးခြင်းမှာ အလွယ်ကူဆုံး၊ အသက်သာဆုံး Carbon sequestration နည်းလမ်းတစ်ခုဖြစ်သည်ဟု သိရသည်။ အချို့သိပ္ပံပညာရှင်များအနေဖြင့်လည်း အခြားနည်းလမ်းတစ်မျိုးဖြစ်သော CCS – Carbon Capture and Storage ကို ဆောင်ရွက်လာကြသည်။ ၎င်း CCS နည်းလမ်းမှာ ပထမဦးဆုံးအနေဖြင့် စက်မှုလုပ်ငန်းများမှထွက်ရှိသော ဓာတ်ငွေ့များစွာမှ CO_2 ကိုခွဲထုတ်သည်။ ထို့နောက် ၎င်း CO_2 ကို သမုဒ္ဒရာနက်များတွင် ရေရှည်သိုလှောင်နိုင်ရန်ပြုပြင်သည်။ CCS နည်းလမ်းမှာ စက်ရုံအလုပ်ရုံများမှထွက်ရှိသော CO_2 ကို လေထုအတွင်းသို့ ရောက်ရှိစေခြင်းမရှိဘဲ တိုက်ရိုက်သိုလှောင်ခြင်းဖြစ်သည်။ Artificial trers များပြုလုပ်၍ ဆောင်ရွက်နိုင်သော်လည်း ၎င်းနည်းလမ်းမှာ နည်းပညာပိုင်းအရ လိုအပ်ချက်များ၍ အကုန်အကျများသည်။ တစ်ဖက်တွင်လည်း လေထုအတွင်းရှိ CO_2 ကို ဓ့ဓ ရာခိုင်နှုန်းထိ စုပ်ယူပေးနိုင်၍ နှစ်ပေါင်း ၁၀၀၀ ကြာထိန်းထားနိုင်သောကြောင့်ထိရောက်မှုရှိသည်။ စိုက်ပျိုးရေးတွင် ထယ်ရေးမဲ့စိုက်ပျိုးရေးကိုဆောင်ရွက်ခြင်းဖြင့် Carbon sequestration ပြုလုပ်နိုင်သည်။ အခြားနည်းလမ်းတစ်ခုဖြစ်သော Geologic Carbon sequestration မှာ မြေအနက် ၁ မီတာမှ ၄ မီတာအတွင်းပိုက်များမြှုပ်၍ CO_2 ကို စုပ်ယူထိန်းသိမ်းထားခြင်းဖြစ်သည်။

လူသားများကြောင့် လေထုအတွင်းသို့ CO_2 ရောက်ရှိမှုပမာဏမှာ နှစ်စဉ် 2 gigaton အထိရှိသည်။ သမုဒ္ဒရာများအတွင်း Carbon sequestration ပြုလုပ်လျှင် သမုဒ္ဒရာရေ၏အက်စစ်ဓာတ်များလာကာ ရေထုညစ်ညမ်းစေသည်။ သိပ္ပံပညာရှင်များအနေဖြင့် ၎င်းနည်းလမ်းအတွက် တိကျသေအဖြေမရှိသေးပါ။ Terrestrial Carbon sequestration ကိုသာ ထိရောက်စွာဆောင်ရွက်နိုင်ပါက မြေဆီလွှာဖွဲ့စည်းပုံပိုမိုကောင်းမွန်စေခြင်း၊ မြေဆီလွှာ၏ ရေထိန်းစွမ်းအားကောင်းစေခြင်း၊ မြေတိုက်စားမှုလျော့ပါးသက်သာခြင်း၊ မြေဆီလွှာ၏ Flora & Fauna စုံလင်စေခြင်းတို့ကြောင့် စိုက်ပျိုးရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်သည်။ ထိုသို့ Carbon sequestration ပြုလုပ်ခြင်းသည် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဝင်ရောက်မှုကိုလျော့နည်းစေကာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို လျော့ပါးသက်သာစေသည်။ ထို့ကြောင့် Carbon sequestration ကို A way to mitigate climate change ဟုပြောစမှတ်ပြုကြသည်။

အပင်အသုံးပြုမြေဆီလွှာ ညစ်ညမ်းမှုလျော့ချခြင်းနည်းလမ်း (Phytoremediation)

မြို့ပြတည်ထောင်မှုနှင့် စက်မှုလုပ်ငန်းများထွန်းကားလာမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်တွင် သတ္တုလေးများညစ်ညမ်းမှု (Heavy Metal Pollution) ပြဿနာဖြစ်လာသည်။ Heavy Metal ဆိုသည်မှာ ချေဖျက်ရန်ခက်ခဲသောသတ္တုများ သို့မဟုတ် တစ်နည်းအားဖြင့် သိပ်သည်းဆ (density) မြင့်၍ အက်တမ်အလေးချိန်နှင့် အရေအတွက်များသော သတ္တုများ (Atm. wt & no)ဟု ခေါ်သည်။ ကတ်မီယမ် (Cd)၊ မာကျူရီ (Hg)၊ ခဲ (Pb)၊ အာစင်းနစ် (As)၊ ဇင့် (Zn)၊ ကော့ပါး (Cu)၊ နီကယ် (Ni)နှင့် ခရိုမီယမ် (Cr)တို့ပါဝင်သည်။ ကျောက်မီးသွေးရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုသွင်းအားစုများ အဆမတန် သုံးစွဲလာခြင်း၊ သတ္တုတွင်းများတူးဖော်ခြင်း၊ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့စက်ရုံများ၊ စိုက်ပျိုးရေးတွင် ဖော့စဖိတ်များအသုံးပြုခြင်းတို့ကြောင့် မြေတွင် Heavy Metal များစုပုံလာနိုင်သည်။

ထို Heavy Metal များသည် ကြေမွပျက်စီးနိုင်ရန် အလွန်ခက်ခဲ၍ မြေဆီလွှာတွင် ကြာရှည်တည်မြဲနေနိုင်သည်။ အချို့သော Heavy metal များ (ဥပမာ ကော့ပါး၊ အိုင်းယွန်း၊ မဂ္ဂနိစ်၊ ဇင့်နှင့်နီကယ်)မှာ သီးနှံပင်များ၏ဇီဝကမ္မနှင့်ဇီဝဓာတုဖြစ်စဉ်များအတွက် မရှိမဖြစ်လိုအပ်သည်။ သို့သော်လည်း အချို့ (ခဲ၊ ကတ်မီယမ်၊ အာစင်းနစ်နှင့် မာကျူရီ)မှာ အပင်အတွက် အဆိပ်အတောက်ဖြစ်စေနိုင်ရုံမျှမက သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်စေသည်။ ထို့ပြင် သီးနှံပင်မှတစ်ဆင့် အစာကွင်းဆက်ထိပါပါဝင်လာနိုင်၍ စားသုံးသူ (လူနှင့်သတ္တဝါ) များကို ထိခိုက်စေသည်။ ထို့ကြောင့် ကုန်းပိုင်း၊ ရေထု၊ လေထုတွင် ပျော်ဝင်နေသော Heavy metal များကို ကုစားပေးနိုင်သော တစ်နည်းအားဖြင့် ချေဖျက်ပေးနိုင်သောနည်းလမ်းများ (Remediation Measures) ဆောင်ရွက်ရန် လိုအပ်သည်။ နည်းလမ်းများအနက် Phytoremediation မှာ ထိရောက်မှုအရှိဆုံးဟု ဆိုကြသည်။

Phytoremediation သည် အပင်ကို အခြေခံ၍ ဆောင်ရွက်သောနည်းလမ်းဖြစ်သည်။ ညစ်ညမ်းမှုဖြစ်စေသောသတ္တုများကို မြေဆီလွှာမှဖယ်ရှားစစ်ထုတ်ယူရန် သို့မဟုတ် ယင်းသတ္တုများ၏ဇီဝလုပ်ဆောင်နိုင်မှု၊ ဇီဝပိုင်းစွမ်းဆောင်ရည် (Bioactivity)လျော့နည်းစေရန် အပင်များအသုံးပြု၍ဆောင်ရွက်ကြခြင်းဖြစ်သည်။ Phytoremediation တွင်–

(၁) Phytostabilization– မြေဆီလွှာတွင် HM များ၏ Bioactivity အပင်များအသုံးပြု၍ လျော့ချခြင်း၊

(၂) Phytoextraction–မြေဆီလွှာမှ HM များကို အပင်များအသုံးပြု၍ ထုတ်ယူဖယ်ရှားခြင်း၊

(၃) Phytovoltalization မြေဆီလွှာမှ HM များကိုစုပ်ယူ၍ အငွေ့ပြန်ဓာတ်ပေါင်းများအဖြစ် လေထုထဲသို့ ထုတ်လွှတ်ခြင်း၊

(၄) Phytofiltration မြေလွှာမဲ့စိုက်ပျိုး၍ မြေအောက်ရေနှင့်ရေထုအတွင်းမှ HM များကို စစ်ထုတ်ဖယ်ရှားပေးခြင်း စသည်တို့ပါဝင်သည်။

နှစ်ပေါင်း ၃၀ ကြာ သုတေသနများပြုလုပ်လေ့လာထားခဲ့သော်လည်း Phytoremediation နည်းလမ်းသည် အချိန်ယူခြင်း၊ အချိန်ကုန်ခြင်းတို့ကြောင့် ယနေ့တိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် အသုံးမချနိုင်သေးပါ။ ၎င်းနည်းလမ်းသည် ကုန်ကျစရိတ်သက်သာစေသည်သာမက ရေရှည်တည်တံ့သော်လည်း အကျိုးရလဒ်မြန်ဆန်စွာမရနိုင်သည့်အတွက် Excavation နည်းလမ်းကိုသာ အားကိုးနေကြသည်။ Phytoremediation နည်းလမ်းနှင့်ပတ်သက်၍ နားလည်မှု၊ ယုံကြည်မှုနည်းပါးခြင်းသည် ၎င်းနည်းလမ်းကို လက်ခံကျင့်သုံးနိုင်ရန်အတွက် အဓိကအတားအဆီး (Barrier)သဖွယ်ဖြစ်နေသည်။ အခြားသော Remediation နည်းလမ်းများဖြင့် နှိုင်းယှဉ်ကြည့်လျှင် Phytoremediation နည်းလမ်းသည် အကျိုးကျေးဇူးများစွာရှိသည်။ Phytoremediation ကို ဆောင်ရွက်ခြင်းအားဖြင့် Phytomining ကိုပါ ဆောင်ရွက်ပြီးသားဖြစ်စေသည်။ Phytoremediation နည်းလမ်းဖြင့် ဖယ်ရှားထားသောအချို့သတ္တုလေးများကို အချို့သောနေရာများတွင်ပြန်လည်အသုံးချနိုင်သည်။ ကန့်သတ်ချက်တစ်ခုမှာ အပင်များအနေဖြင့် ၎င်းတို့ထိုးဆင်းနိုင်သော မြေဆီလွှာအနက် (Soil Depth)တစ်ခုတွင်ရှိသော HM များကိုသာ ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။ ။

“စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်ရာ မြေဆီလွှာ၏ ဇီဝပိုင်း၊ ဓာတုပိုင်းတို့ကိုသိရှိထားရန်နှင့် အစဉ်အမြဲထိန်းသိမ်းသွားရန်လိုအပ်သည်။ စိုက်ပျိုးမြေ၏အော်ဂဲနစ်ကာဗွန်ပါဝင်မှု၊ အော်ဂဲနစ်ပစ္စည်းပါဝင်မှုအခြေအနေများ၊ မြေဆီလွှာထိန်းသိမ်းရေးနည်းလမ်းများ၊ မြေဆီလွှာ၏ကာဗွန်ထိန်းသိမ်းနိုင်စွမ်းအခြေအနေများနှင့်ဆက်စပ်၍ အမြဲဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးသူများအနေဖြင့် ရေရှည်တည်တံ့စွာ လုပ်ကိုင်သွားနိုင်မည်ဖြစ် . . .”

ကိုးကားချက်များ–

- https://www.google.com/url?sa=t&rct=j&q=&esrc=s&source=web&cd=&cad=rja&uact=8&ved=2ahUKEwjXmZeM3Zz9AhX_yHMBHb3RA1oQFnoECA0QAw&url=https%3A%2F%2Fwww.agric.wa.gov.au%2Fmeasuring-and-assessing-soils%2Fwhat-soil-organic-carbon&usg=AOvVaw1CI-GU4B-btPz-9tzG3REF3
- https://www.fao.org/3/a0100e/a0100e04.htm
- PHYYOhttps://www.epa.gov/sites/default/files/2015-04/documents/a_citizens_guide_to_phytoremediation.pdf
- https://www.usgs.gov/faqs/what-carbon-sequestration
- https://notillagriculture.com/zero-tillage-farming/

အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ကြံ့ခိုင်ရေးနည်းပြသင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကြံ့ခိုင်ရေး နည်းပြသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယခုသင်တန်းတွင် Sports Fitness နှင့် Strength & Conditioning ဆိုင်ရာ အခြေခံသဘောတရားများ သာမက အားကစားစွမ်းဆောင်ရည်များကို တိုးတက်စေရန် Fitness Assessment ပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းများကို နည်းစနစ်နှင့် ပုံစံမှန်ကန်စွာ သင်ကြားပေးခြင်း၊ Training Load စီမံခန့်ခွဲခြင်း၊ Injury Prevention နှင့် Recovery တို့ကို လေ့လာခဲ့ကြပါကြောင်း၊ ယခုသင်တန်းမှ ရရှိခဲ့သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို မိမိတို့တာဝန်ကျရာနေရာများတွင် လက်တွေ့အသုံးချပြီး အခြားနည်းပြများနှင့် အားကစားသမားများအား ပြန်လည်မျှဝေ ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်၊ ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းနည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ ကြံ့ခိုင်ရေးနည်းပြသင်တန်းကို စက်တင်ဘာလ ၈ ရက်မှ ၁၈ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ၁၁ ရက်ကြာဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၆၉ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင်အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နေမှု၊ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပီတန်းအားကစားအဖွဲ့ စခန်းသွင်းလေ့ကျင့်နေမှု၊ လက်ဝှေ့အားကစားအဖွဲ့ လေ့ကျင့်နေမှု၊ တိုက်ကွပ်ဒိုအားကစားအဖွဲ့ လေ့ကျင့်နေမှု၊ ခြင်းလုံးအားကစားအဖွဲ့ လေ့ကျင့်နေမှုတို့ကိုသွားရောက်ကြည့်ရှုသည်၊

ထိုသို့သွားရောက်စဉ်အားကစားအဖွဲ့များအနေဖြင့် အားကစားနည်းများအလိုက် လေ့ကျင့်မှုများ ပြုလုပ်ရာတွင် မိမိတို့၏အားနည်းချက်၊ အားသာချက်များကို ပြုပြင်ပြောင်းလဲ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစား လေ့ကျင့်သွားရန် တိုက်တွန်းမှာကြားပြီး အားကစားအဖွဲ့များ၏ အားကစားနည်းအလိုက် တင်ပြချက်များနှင့် လိုအပ်ချက်ကို ဖြည့် ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြဝတီ



အတ္ထရံရေသန့်စင်စက်ရုံ (ညောင်ပင်ဆိပ်) ရေပေးဝေမှုလုပ်ငန်းအား မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မော်လမြိုင် စက်တင်ဘာ ၁၈

မော်လမြိုင်စက်မှုဇုန်နှင့် စက်မှုဇုန် လူနေရပ်ကွက်နေထိုင်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် အတ္ထရံမြစ်ရေကို ရေတင်စက်များဖြင့်တွန်းပို့၍ အတ္ထရံရေသန့်စင်စက်ရုံ (ညောင်ပင်ဆိပ်)၌ အဆင့်ဆင့်သန့်စင်ပြီး သောက်သုံးရေပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ အတ္ထရံရေသန့်စင်စက်ရုံ (ညောင်ပင်ဆိပ်) ရေပေးဝေမှုလုပ်ငန်းကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့ပြင် မော်လမြိုင်မြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးလုပ်ငန်းများအပေါ် စေတနာထားကာ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဌာနဆိုင်ရာအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စည်ပင်သာယာရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မော်လမြိုင်မြို့နယ်အတွင်းရှိ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

▲ကျောဖုံးမှအဆက်

တာပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ စွန့်ပစ်တာအလျား ၁၆၀ ပေခန့် ထပ်မံအိပ်ပြိုကျသည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotextine လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း စသည့်မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ၎င်းလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသံတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။


အဆိုပါ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများ အတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများပြန်လည်ခိုင်မာရေးလုပ်ငန်းများကိုလူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးစဉ်။

မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ တရုတ်-အာဆီယံဥာဏ်ရည်တုနည်းပညာဆိုင်ရာဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်-အာဆီယံ ဥာဏ်ရည်တုနည်းပညာဆိုင်ရာဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်ပါဝင်တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဥာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တာဝန်ယူမှု ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့်လုံခြုံမှုရှိသော ဥာဏ်ရည်တုနည်းပညာဖြစ်ပေါ်လာရေး၊ မြန်မာနိုင်ငံတွင်လည်း ဥာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ တရုတ်-အာဆီယံနိုင်ငံများအကြား ဥာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဥာဏ်ရည်တုနည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥာဏ်ရည်တုနည်းပညာဆိုင်ရာ မျိုးဆက်သစ်လူငယ်များ လေ့ကျင့်ပြုစုပျိုးထောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီး-ကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရ ဒုတိယအကြီးအကဲက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ China-ASEAN Information Harbor Co., Ltd. (CAIH) ကို သွားရောက်လေ့လာခဲ့ပြီး ကုမ္ပဏီအမှုဆောင်အရာရှိ ချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဥာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအဆောက်အဦများတည်ဆောက်နိုင်ရေး၊ကျန်းမာရေး၊ပညာရေးနှင့်စိုက်ပျိုးရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည့် ဥာဏ်ရည်တုနည်းပညာအခြေပြု Application များရေးဆွဲနိုင်ရေး၊ ဥာဏ်ရည်တုနည်းပညာဆိုင်ရာနည်းပညာရှင်များပြုစုပျိုးထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

Korea - Myanmar Association for Economic & Security Studies စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်စီးပွားရေးဖိုရမ်ကျင်းပ

ဆိုးလ် စက်တင်ဘာ ၁၈

ကိုရီးယား-မြန်မာ စီးပွားရေးလုံခြုံမှုဆိုင်ရာ သုတေသနအသင်း (Korea-Myanmar Association for Economic & Security Studies - KMAESS) ၏ စတင်ဖွဲ့စည်းတည်ထောင်ခြင်းအထိမ်းအမှတ် ပြုလုပ်သည့်စီးပွားရေးဖိုရမ်ကို စက်တင်ဘာလ ၁၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ LS Tower (MIR Hall) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Lim Jong-deck၊ ဆိုးလ်မြို့ မြန်မာသံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးမျိုးမြင့်မောင်နှင့် ကိုရီးယားနိုင်ငံကာကွယ်ရေး သံတမန်ရေးရာအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် KMAESS ဥက္ကဋ္ဌ Mr. Choi Shin Il က ကျေးဇူးတင်စကားပြောကြားပြီး ကိုရီးယား-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုပိုမိုအောင်မြင်စေရန်နှင့် KMAESS ဖွဲ့စည်းတည်ထောင်ရာတွင်စိတ်အားတက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးခဲ့သူ မြန်မာသံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီးအား ကျေးဇူးတင်အသိအမှတ်ပြုတံဆိပ်ပေးအပ်သည်။



ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။ KMAESS သည် ကိုရီးယားသမ္မတနိုင်ငံ စက်မှု၊ကုန်သွယ်ရေးနှင့်သယံဇာတဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကျိုးအမြတ်မယူသော တရားဝင် Think Tank အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ထားပြီး ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးလုံခြုံမှုဆိုင်ရာနားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်၊ သုတေသနနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးဖလှယ်မှုများ မြှင့်တင်ရန်နှင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။ **မြဝတီ**

အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်အသစ်တည်ဆောက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုဒွေလုံးဒွေရင်းရန်ပုံငွေဖြင့် အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်အသစ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီတို့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်း တည်ဆောက်ထားသည့်အားကစားရုံနှင့် ဘောလုံးကွင်း၊ အားကစားသမားအိပ်ဆောင်များ၊ စားရိပ်သာနှင့် ဝန်ထမ်းအိမ်ရာတို့ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) ရှိ မိုးလုံလေလုံအားကစားရုံများ၊ ဘောလုံးကွင်းနှင့် စာသင်ဆောင်များကိုလည်းကောင်း၊ စားရိပ်သာ မီးဖိုဆောင်အသစ်တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါ်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်)၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး (ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့)နှင့် လုပ်ငန်းအဖွဲ့ဝင် များမှ တာဝန်ရှိသူများ၊ အုပ်စုလိုက်ပူးပေါင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်တို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် AML/CFT ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအမံ (Action Plan) များ တိုးတက်အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာယခုဆိုလျှင် (၁၈)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာ (18th Progress Report) အထိ ရေးသားတင်ပြပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ပန်းတိုင်ရောက်ရန် အနီးစပ်ဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်၍ ကျန်ရှိနေသည့် Action item (၂) ချက်ကိုလည်း သတ်မှတ်စံနှုန်းများအတိုင်း Largely Addressed အဆင့်ရရှိအောင် အရှိန်အဟုန်မပြတ် ဆက်လက်တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကျန်ရှိနေသောအရေးကြီး Action Plan (၂) ချက်ဖြစ်သည့် Action Plan ၆ ဒသမ ၃ နှင့် Action Plan ၇ ဒသမ ၁ တို့ကို ပိုမိုအာရုံစိုက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရဌာနများနှင့် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ ကြီးကြပ်ရေး



အာဏာပိုင်များအားလုံး အချင်းချင်းအကြား သတင်းအချက်အလက် ပူးပေါင်းဖလှယ်မှုနှင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှုကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာလိုက်နာမှုပိုမိုအားကောင်းလာစေရေးနှင့် အများပြည်သူစားရင်းမှ လွတ်မြောက်ရေးအတွက် ကျန်ရှိနေသည့်အစီအမံများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရေး အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (APJG) အစည်းအဝေးများကို အစဉ်တစိုက်တက်ရောက်၍ မြန်မာနိုင်ငံအား အမည်မည်းစာရင်းမှ လွတ်မြောက်ရေး အတွက်ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ ကျန်ရှိသော Action Item (၂) ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့်အချက်များအား ပြုစုတင်ပြခြင်းတို့ကို အချိန်မီဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ FATF ၏ Action Plan Item များအနက်ဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ (၁၈)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်သည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများ၊ အဖွဲ့ဝင်အချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး (Mutual Evaluation-ME) လုပ်ငန်းစဉ် (၂၀၂၉-၂၀၃၀) ဆောင်ရွက်မည့် အစီအမံများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် Action Item (၂) ခုအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးကိုအကြံပြုဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင် ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင် ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သတ်မှတ် စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင် ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။

➤ ရှေ့ဖုံးမှအဆက်

သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏တစ်ဝက်အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ထက်မနည်း တာဝန်ထမ်းဆောင်နေခဲ့ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ပိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့်ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ဘည်းမော်ကွန်းထိုးမှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင်ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက်စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲနိုင်ငံ့အကျိုးအတွက် တပ်မတော်၏အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင်ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့်လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ထိုသည့်အတွက်ကိုယ်တိုင် ဆန္ဒပြု၍ တပ်မတော်တွင်ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍သတ်မှတ်ကာလပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် သတ်မှတ် စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် သတ်မှတ် စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့် ပြည်သူတစ်သားတည်းဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

“မိသားစုတွေနဲ့လည်း ပြန်လည်ဆုံတွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာမိပါတယ်။ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ အခက်အခဲတွေကအများကြီးပါ။ အရာရာအားလုံးက ပျော်ဖို့ တော့ကောင်းပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ နေထိုင်စားသောက်မှုတွေ၊ သွားလာမှုတွေအားလုံး ပြောင်းလဲခဲ့ပါတယ်။ မိသားစုတွေကတော့ အများကြီးအားပေးခဲ့ပါတယ်။ ကောင်းကောင်းမွန်မွန်နေထိုင်ဖို့၊ အစစအရာရာဂရုစိုက်ဖို့အတွက် မှာခဲ့ပါတယ်။ ကိုယ်တိုင်တာဝန်ထမ်းဆောင်ကြတဲ့အခါ အများကြီးနားလည်မှုတွေရလာပါတယ်။ ရဲရဲဝံ့ဝံ့ဝင်ဖို့အတွက် ဆုံးဖြတ်ချက်ချစေချင်ပါတယ်။ အပြင်လောကမှာပြောဆိုတဲ့အရာတွေအကုန်လုံးထက် ဒီမှာ လက်တွေ့ထမ်းဆောင်ခဲ့တဲ့အရာတွေနဲ့ ကွဲပြားခြားနားမှုတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့ကနှစ်နှစ်တာဝန် ထမ်းဆောင် ခဲ့ပြီးဖြစ် တဲ့အတွက်အကုန်လုံးကိုလည်းနားလည်ခဲ့ပါပြီ။ နှစ်နှစ်တာကာလထမ်းဆောင်ခဲ့ပြီးဖြစ်ခဲ့ပေမယ့် နိုင်ငံ့တာဝန်ကို ထပ်ပြီးတော့ ထမ်းဆောင်ချင်တဲ့စိတ်ရှိတဲ့အတွက်ကြောင့် ထပ်ပြီး ထမ်းဆောင်ခဲ့ခြင်းဖြစ်ပါတယ်” ဟုပြောသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ်။









အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

“ကျွန်တော်နှစ်နှစ်ပြည့်လို့ရှိရင် ဆက်လက်ပြီးတော့ ကျွန်တော် သန္ဓေအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မယ်လို့ ခံယူချက်ထားပါတယ်။ ကျွန်တော် နဂိုကတည်းကလည်း တပ်မတော်ထဲဝင်ဖို့စဉ်းစားခဲ့ဖူးတယ်။ ယခုလိုပြည်သူ့စစ်မှုထမ်းတွေခေါ်တော့မှ ကျွန်တော်ပြည်သူ့စစ်မှုထမ်းထဲကို ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရွာကိုလည်းမပြန်ရတော့ဘူးဆိုတော့ ဒီမှာပဲဆက်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်မယ်လို့ စိတ်ကူးထားပါတယ်။ အမေကလည်း လုပ်မယ်ဆိုဆက်လုပ်ဖို့ပြောပါတယ်။ ရတဲ့လစာလည်း မိသားစုတွေကိုအကုန်လွှဲပေးခဲ့ပါတယ်။ အခုတာဝန် ထမ်းဆောင်နေတဲ့တပ်က ကျွန်တော့်မိခင်တပ်ရင်းဖြစ်နေတော့ ကျွန်တော် ကိုယ့်ဘာသာကိုလည်း တော်တော်လေးအဲဒီမှာနေရတာပျော်လို့လည်းပါပါတယ်။ ကျွန်တော့်လိုမျိုး တပ်မတော်မှာသန္ဓေအဖြစ်ဆက်လက် တာဝန်ပြန်ထမ်းဆောင်တဲ့သူတွေ ရှိရင်ဂုဏ်ယူပါတယ်”ဟုပြောသည်။

“မိဘတွေနဲ့ပြန်တွေ့ရတော့မယ် ဆိုတော့အရမ်းဝမ်းသာပါတယ်။ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ စားပုံသောက်ပုံ စည်းကမ်းတွေအကုန်လုံးပြောင်းလဲလာပါတယ်။ အခက်အခဲတွေကတော့ အများကြီးရင်ဆိုင်ခဲ့ရတယ်။ တိုက်ပွဲတွေလည်း အများကြီးကြုံခဲ့ရတယ်။ ရှေ့ဆက်ရမယ့်ဘဝမှာတော့ ကိုယ့်ကိုယ်ကိုယ်တော့အများကြီးပြောင်းလဲလာမယ်လို့ထင်တယ်။ အများကြီးလည်းကြိုးစားရဦးမယ်လို့ ထင်ပါတယ်။ မိဘတွေကလည်း အများကြီးအားပေးခဲ့ပါတယ်။ ထပ်ပြီးတာဝန်ထမ်းဆောင်မယ့်သူငယ်ချင်းတွေကိုလည်း အစစအရာရာဂရုစိုက်ပါလို့ ပြောချင်ပါတယ်။ နောင်ပြည်သူ့စစ်မှုထမ်းမယ့်သူတွေလည်း ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှုရှိပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပါလို့ ပြောကြားလိုပါတယ်”ဟုပြောသည်။(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအားကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော် ဆေးရုံ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ကျိုင်းတုံမြို့ရှိတပ်မတော် ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကု ဆေးရုံကြီး (ခုတင် -၅၀၀) နှင့် တပ်မတော် ဆေးရုံကြီး (ခုတင် -၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိတပ်မတော် ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းသတင်းရရှိသည်။

(၁၀၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အမျိုးသမီးငယ် ၂ ဦးအား သွေးဆောင်ဖမ်းဆီးခေါ်ဆောင်၍ အဓမ္မပြုကျင့်ကာ ငွေခြောက်လှုန့်တောင်းယူသူ တရားခံအမျိုးသား ၁ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးအရေးယူ



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အမျိုးသမီးငယ် ၂ ဦးအား သွေးဆောင်ဖမ်းဆီးခေါ်ဆောင်၍ အဓမ္မပြုကျင့်ကာ ငွေခြောက်လှုန့်တောင်းယူသူ တရားခံ သီဟအောင်အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။



တရားခံ သီဟအောင် ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် သက်သေခံမော်တော်ယာဉ်ကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ည ၇ နာရီအချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ အမျိုးသမီးငယ် (၂)ဦးသည် City Mall သို့ Hot Pot သွားစားမည်ဟု ပြောဆိုကာ နေအိမ်မှထွက်ခွာသွားပြီးနောက် ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် မိခင်ဖြစ်သူမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းသို့ ကူညီစုံစမ်းပေးနိုင်ပါရန် သတင်းပေးပို့ချက်အရ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် ၂ ဦးအား ရှာဖွေတွေ့ရှိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် ၂ ဦးအား ရှာဖွေကယ်တင်နိုင်ရေးဆောင်ရွက်နေစဉ် စက်တင်ဘာလ ၁၆ ရက်နေ့ ည ၁၁ နာရီအချိန်ခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်းရှိ "တို့အင်းလေး" လက်ဖက်ရည်ဆိုင်အနီး၌ (၁၈)နှစ်အရွယ် အမျိုးသမီး (၁)ဦးအား လည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၄ နာရီ ၄၀ မိနစ်အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်းရှိ Capital ဆိုင်အနီး၌ (၁၆)နှစ်အရွယ်အမျိုးသမီး(၁)ဦးအားလည်းကောင်း မိဘများက ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။

အမျိုးသမီးငယ် ၂ ဦးတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ ၂ ဦးသည် စက်တင်ဘာလ ၁၆ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် City Mall မှ နေအိမ်သို့ပြန်လာစဉ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်းအရောက်၌ အမည်မသိ အမျိုးသား ၁ ဦးက မော်တော်ယာဉ် ၁ စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့အနီး၌ ရပ်တန့်ကာ အသက်အရွယ်နှင့်ဘယ်ကပြန်လာကြောင်း မေးမြန်းသဖြင့် ပြန်လည်ပြောကြားခဲ့ရာ အဆိုပါအမျိုးသားမှ အသက်မပြည့်သေးသည့် အမျိုးသမီးငယ်များဖြစ်၍ နေအိမ်သို့လိုက်ပို့ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုသဖြင့် ၎င်းတို့ ၂ ဦးသည် အဆိုပါအမျိုးသားသည် မော်တော်ယာဉ်အား ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်းပတ်၍ မောင်းနေခဲ့ပြီး နာရီဝက်ခန့်အကြာတွင် အဆိုပါအမျိုးသမီးငယ် ၂ ဦးတို့အား အသင့်ပါလာသော သေနတ်၊ ဓားတို့ဖြင့်ခြိမ်းခြောက်ပြောဆိုကာ ၁ ယောက်လျှင် ငွေ ၅၂ သိန်းကျပ်ဖြင့် ငွေ ၁၀ သိန်းကျပ် ပေးရမည်ဖြစ်ကြောင်း၊ ငွေလက်ခံရရှိပါက ပြန်လည်ပို့ပေးမည်ဖြစ်ကြောင်း မိဘများထံ ဖုန်းဖြင့်ဆက်သွယ်၍ ခြိမ်းခြောက်ပြောဆိုကာ ၁၈ နှစ်အရွယ် အမျိုးသမီးငယ်အား ယင်းနေ့ည ၁၁ နာရီအချိန်ခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း "တို့အင်းလေး" လက်ဖက်ရည်ဆိုင်အနီး၌ ချထားပေးခဲ့ကြောင်း။

ဆက်လက်၍ ၎င်းအမျိုးသားသည် ၁၆ နှစ်အရွယ် အမျိုးသမီးငယ်အား မော်တော်ယာဉ်ဖြင့် ဆက်လက်ခေါ်ဆောင်သွားကာ တောင်ဥက္ကလာပမြို့နယ်နှင့်မြောက်ဥက္ကလာပမြို့နယ် များအတွင်း မော်တော်ယာဉ်အားပတ်၍ မောင်းနှင်ခဲ့ပြီး လမ်းတစ်နေရာအရောက်၌ ယာဉ်အားရပ်တန့်ကာ အမျိုးသမီးငယ်အား ဓားဖြင့်ခြိမ်းခြောက်၍ အဓမ္မ ၁ ကြိမ်ပြုကျင့်ခဲ့ကြောင်း၊ အမျိုးသမီးငယ်၏ မိဘများထံမှ ငွေ ၁၀ သိန်းကျပ်အား KBZ Pay မှတစ်ဆင့် လက်ခံရယူပြီးနောက် တောင်ဥက္ကလာပမြို့နယ်၊ လမ်းတစ်နေရာ၌ အဓမ္မ ၁ ကြိမ် ထပ်မံပြုကျင့်ကာ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၄ နာရီခန့် အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ Capital ဆိုင်အနီး၌ အမျိုးသမီးငယ်အား ထားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း(ပ)စဂ၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၃၇၆ ဖြင့် အမှုရေးဖွင့်ပြီး တရားခံအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှတရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁၇ ရက်နေ့ ညပိုင်းတွင် တရားခံ သီဟအောင်(၂၈)နှစ်အား အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၄/တောင်လမ်းပေါ်၌ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် YGN-9 3J-5625 TOYOTA PRADO အမျိုးအစား မော်တော်ယာဉ် ၁ စီး၊ ZTE အမျိုးအစား ဖုန်း ၁ လုံး၊ Hangun စာတန်းပါ ကော်သေနတ် ၁ လက်၊ အရိုး/အသွား ၉ လက်မခန့် ရှိ ဓားဦးချွန် ၁ ချောင်း၊ Redmi Note 15 Pro ဖုန်း ၁ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၈လ)

ကျိုင်းတုံမြို့နယ်နှင့်တာချီလိတ်မြို့တို့၌ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၅ ရက်ညနေ ၅ နာရီခွဲတွင် သတင်းအရ ကျိုင်းတုံမြို့နယ်၊ နောင်ငင်းရွာအနီး ကျိုင်းတုံ-မိုင်းလားသွားကားလမ်းတွင် ကျိုင်းတုံမြို့နယ်၊ ဟွေပုံအောက်ရွာနေ ကျနူး(၂၀)နှစ် မောင်းနှင်လာသော HONDA WAVE i 110 အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းထံမှစိတ်ကြွဆေးပြား ၈၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၀)ဖမ်းဆီးရမိသဖြင့် ကျနူးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာလ ၁၅ ရက်ည ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ ဝမ်မိုင်ရပ်၊ နော်ရဲလားဟူလမ်းတွင် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်နေ စိုင်းခေးလှိုင်း (၁၈)နှစ် မောင်းနှင်ပြီး တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်နေ စိုင်းပုံ(၃၄)နှစ် လိုက်ပါလာသော TOYOTA MARK II အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၄၆ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၉၁၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အိုက်စ် (မက်သ်အဖက်တမင်း) များရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ဆဲသည့် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်နေ စိုင်းဝင်း(၅၄)နှစ်အား နော်ရဲလားဟူလမ်းထိပ်တွင် MGZS အမျိုးအစား မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း၊ စိုင်းစံဟောင်(၃၃)နှစ်အား တာချီလိတ်မြို့နယ်၊ မယ်ယန်းရွာရှိနေအိမ်နာရီအချိန်ခန့်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း "တို့အင်းလေး" လက်ဖက်ရည်ဆိုင်အနီး၌ ချထားပေးခဲ့ကြောင်း။



တရားခံ စိုင်းဝင်း၊ စိုင်းစံဟောင်၊ စိုင်းပုံနှင့် စိုင်းခေးလှိုင်းတို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

ဆက်လက်၍ ၎င်းအမျိုးသားသည် ၁၆ နှစ်အရွယ် အမျိုးသမီးငယ်အား မော်တော်ယာဉ်ဖြင့် ဆက်လက်ခေါ်ဆောင်သွားကာ တောင်ဥက္ကလာပမြို့နယ်နှင့်မြောက်ဥက္ကလာပမြို့နယ် များအတွင်း မော်တော်ယာဉ်အားပတ်၍ မောင်းနှင်ခဲ့ပြီး လမ်းတစ်နေရာအရောက်၌ ယာဉ်အားရပ်တန့်ကာ အမျိုးသမီးငယ်အား ဓားဖြင့်ခြိမ်းခြောက်၍ အဓမ္မ ၁ ကြိမ်ပြုကျင့်ခဲ့ကြောင်း၊ အမျိုးသမီးငယ်၏ မိဘများထံမှ ငွေ ၁၀ သိန်းကျပ်အား KBZ Pay မှတစ်ဆင့် လက်ခံရယူပြီးနောက် တောင်ဥက္ကလာပမြို့နယ်၊ လမ်းတစ်နေရာ၌ အဓမ္မ ၁ ကြိမ် ထပ်မံပြုကျင့်ကာ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၄ နာရီခန့် အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ Capital ဆိုင်အနီး၌ လမ်းလျှောက်လာသူ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ မျိုးမင်းနောင် (၂၇)နှစ်အား စစ်ဆေးရာဖွေရာ ၎င်းထံမှစိတ်ကြွဆေးပြား ၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၆ သိန်း)အား ဖမ်းဆီးရမိသဖြင့် မျိုးမင်းနောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

မြဝတီ

နံနက်စောစောနေရောင်ခြည်သည် အရိုးအဆစ်များကိုသန်မာစေနိုင်သည်။

ခေတ်နှင့်အညီလိုအပ်လာသည့် 5G စနစ်နည်းပညာကိုဝန်ဆောင်မှုပေးနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများအတွက် လိုအပ်သည့် 2600MHz လှိုင်းနှုန်းစဉ်ကို သတ်မှတ်ခွင့်ပြုပေးအပ်ပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၁၈

ခေတ်နှင့်အညီ လိုအပ်လာသည့် 5G စနစ်နည်းပညာကို ဝန်ဆောင်မှုပေးနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများအတွက် လိုအပ်သည့် 2600MHz လှိုင်းနှုန်းစဉ်ကို သတ်မှတ်ခွင့်ပြုပေးအပ်ပြီးဖြစ်၍ အကောင်အထည်ဖော်တည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသက်ဝင်းအောင်က ယနေ့တွင် ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတိုင်းဒေသကြီးမန်နေဂျာရုံး၌မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းရှိဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ထိုပြင်ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်များကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည့် မိုဘိုင်းအော်ပရေတာများ၊ တာဝါနှင့် ပါဝါဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပြီး ရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရပါကကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပုသိမ်မြို့ရှိ ဆက်သွယ်ရေးစခန်းများ၊ မြန်မာ့စာတိုက်လုပ်ငန်းများ၊ ငွေဆောင်မြို့ရှိ ပင်လယ်ရေအောက်ဖိုက်ဘာကေဘယ်ဝင်ရောက်ရာစခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစဉ် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှုမရှိစေရေးအတွက် ပင်မနှင့် အရန် ဆက်သွယ်ရေးဆက်ကြောင်းများကို လိုအပ်သည့်ကြိုတင်ကာကွယ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို စနစ်တကျပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိရန်၊ စက်ပစ္စည်းများ၏ ဝန်အားနှင့် လိုက်လျောညီထွေစွာ လျှပ်စစ်စွမ်းအားကိုလည်း သင့်တင့်မျှတနိုင်နင်းစွာ အသုံးပြုနိုင်ရေး စနစ်တကျတွက်ချက်အသုံးပြုသွားရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

▼ လက်ရွေးစင်အသင်းမှ

အဆိုပါ FIFA U-15 World Cup & Festival 2026 ပြိုင်ပွဲကို အောက်တိုဘာလ ၂၂ ရက်မှ ၃၁ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ယူ-၁၅ လက်ရွေးစင်အသင်း ၁၉၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲပုံစံအရ အုပ်စု(A)မှ အုပ်စု(AF) အထိ အုပ်စု ၃၂ စု ခွဲခြားထားပြီး တစ်အုပ်စုလျှင် အသင်းခြောက်သင်းစီ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(W)၌ ဘာဟားမား၊ ဂါနာ၊ ဂူအမ်၊ ကာဇက်စတန်၊ ဥဇဘေကစ္စတန်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

မြန်မာအသင်းသည် ပထမပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဂူအမ်အသင်းနှင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၅ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင် ဘာဟားမားစံအသင်းနှင့်လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၇ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင် ကာဇက်စတန်အသင်းနှင့်လည်းကောင်း၊ စတုတ္ထပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၆ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင် ကာဇက်စတန်အသင်းနှင့်လည်းကောင်း၊ ပဉ္စမပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၈ ရက်တွင် ဥဇဘေကစ္စတန် အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

⇨ ရန်ကုန်မြို့အတွင်းဝန်ရုံးမှ

အဆိုပါ မြန်မာ့လက်မှုပစ္စည်းမျိုးစုံဆိုင်တွင် ပုဂံဒေသ မြင်းကပါရွာမှထွက်ရှိသည့် ယွန်းထည်ပစ္စည်းအမျိုးအစား ၃၀ ကျော်၊ မန္တလေးနှင့်ပဲခူးမြို့မှထွက်ရှိသည့် သစ်သားလက်မှုပစ္စည်း ၅၀ ကျော်၊ အခြားသစ်သား၊ ယွန်းပစ္စည်းများနှင့် ပုဂံဒေသထွက်သဲပန်းချီ၊ ယွန်းပန်းချီ၊ မန္တလေးဒေသထွက်ကျောက်စီပန်းချီနှင့် ရွှေချည်ငွေချည်ထိုးပန်းချီကားများအား ပုဂံဒေသတွင် ကြည့်ရှုဝယ်ယူရသကဲ့သို့ စုံလင်စွာပြသထားသည်။

“ဆိုင်မဖွင့်မီက အခန်းအလှပြင်ဖို့ဆိုရင် ပုဂံနဲ့မန္တလေးကိုသွားပြီး ပစ္စည်းမှာယူပြီးပြင်ရတယ်။ မြန်မာ့လက်မှုကိုမြတ်နိုးတဲ့အတွက် ကိုယ့်လိုပဲ အခန်းတွင်းအလှပြင်တာဝါသနာပါတဲ့သူတွေ ပုဂံကို တကူးတကသွားစရာမလိုတော့ဘဲ ရန်ကုန်မြို့မှာ မြန်မာ့လက်မှုပစ္စည်း၀ယ်လို့ရအောင် စိတ်ကူးကနေဆိုင်ဖွင့်ဖြစ်သွားတာပါ။ ရန်ကုန်မြို့မှာ မြန်မာ့လက်မှုပစ္စည်းစုံတဲ့ဆိုင်က ရှားပါတယ်။ နိုင်ငံခြားသားတွေအဝယ်များတယ်။ ဆေးတံ၊ ရေနွေးပန်းကန်ကနေ မြန်မာ့စောင်း၊ ပတ္တလား၊ သဲပန်းချီကားကအစ ပြည့်စုံစွာ တင်ထားပါတယ်။ နိုင်ငံခြားသားတွေထဲမှာ တရုတ်နဲ့ကိုရီးယားက မြန်မာ့လက်မှုပစ္စည်းကို ပိုပြီး၀ယ်ယူအားပေးနေကြပါတယ်”ဟု အတွင်း၀န်ရုံး အရှေ့ဘက်အဆောင်ရှိ မြန်မာ့လက်မှုပစ္စည်းအရောင်းဆိုင်တာ၀န်ခံ ဦးမောင်မောင်အေးက ပြောသည်။

ရန်ကုန်မြို့ရှိဟိုတယ်တည်းခိုခန်း၊ ကုမ္ပဏီ၊ စားသောက်ဆိုင်နှင့်နေအိမ်များတွင် အလှဆင်နိုင်ရန် ယွန်းထည်များဖြစ်သည့် မြန်မာ့စောင်း၊ ပတ္တလား၊ ယွန်းဆွမ်းအုပ်၊ ယွန်းရွှေဖလား၊ ယွန်းလက်ကောက်၊ ယွန်းဆွဲကြိုး၊ ကြယ်သီး၊ ဗီရို၊ အံဆွဲ၊ သေတ္တာ၊ ရေနွေးအိုး၊ ဝိုင်ခွက်၊ ဧီးကွက်၊ ရှေးရိုးရာထမင်းချိုင့်နှင့် အခြားအသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ သစ်သားပစ္စည်းများဖြစ်သည့် ကရဝိက်ဖောင်တော်၊ ရေနွေးအိုးအစုံ၊ မြန်မာ့ဆိုင်းဝိုင်း၊ ဆေးတံ၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ အရုပ်မျိုးစုံ၊ ပုတီးမျိုးစုံ၊ လာဘ်ကောင်မျိုးစုံ၊ အရုပ်မျိုးစုံကိုလည်းကောင်း ပြသထားသည်။

ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအင်္ဂေအသက်များဖြစ်သည့်မန္တလေးတောင်မန္တလေးကျဲ၊ ဦးပိန်တံတား၊ စောင်းအလှနှင့် ပုဂံနန်းတွင်းသူအလှတို့ စတေကာရိုက်နှိပ်ထားသောအင်္ကျီ၌ ဘော်ကြယ်သီးများဖြင့် အလှဆင်ထားသည့် မြန်မာ့ယဉ်ကျေးမှုအင်္ဂေအသက်များစုဖွဲ့နေသော တီရှပ်အင်္ကျီများကိုလည်း ပြသထားရာ ပြည်တွင်းမှလူငယ်များနှင့် နိုင်ငံခြားသားများ အထူးစိတ်ဝင်တစားဝယ်ယူကြကြောင်း သိရသည်။

သစ္စာ(MNA)

● ကျောဖုံးမှအဆက်

ယနေ့ယှဉ်ပြိုင်သည့်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုကစားသမား ခင်နှင်းဝေသည် ကာဂျစ်စတန်၊ အင်ဒိုနီးရှား၊ လက်ဘနွန်နိုင်ငံတို့မှ ကစားသမားများနှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်တိုင်းကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ကာ ရှုံးပွဲမရှိရလဒ်ကောင်းဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့သည်။ မြန်မာတက်ဂ်ဘောကစားသမား ခင်နှင်းဝေသည် ဆီမီးဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာလ ၁၉ ရက်တွင် လက်ဘနွန်ကစားသမားနှင့်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့အတူ ယနေ့ယှဉ်ပြိုင်သည့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် အုပ်စုပွဲစဉ်တွင် ထိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကမ္ဘောဒီးယားအသင်းနှင့် လက်ဘနွန်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့သည်။ စောဖရိုက်ဒေးသည် အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်ပြိုင်ပွဲကို စက်တင်ဘာလ ၁၉ ရက်တွင် အီရတ်ကစားသမားနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

◆ MNL U-20 လူငယ်လိင်ဂ်မှ

ဂျမ်းယူနိုက်တက်အသင်းက ခြေစွမ်းအသာဖြင့်ပြိုင်ပွဲစသည်နှင့် ချင်းလန်းအသင်းကိုဖိအားပေးတိုက်စစ်ဆင်ကစားခဲ့ရာ ပထမပိုင်းတွင် မျိုးမင်းသန့်၊ ကောင်းထက်၊ ဝေလွှံရှိုင်း၊ အောင်ချစ်တို့၏ သွင်းဂိုးငါးဂိုးဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်းဂျမ်းယူနိုက်တက်ကသာ ပွဲကိုဦးဆောင်ကစားခဲ့ပြီး တစ်ချက်တစ်ချက်မှသာ ချင်းလန်းအသင်းတန်ပြန်တိုက်စစ်ကစားနိုင်ခဲ့သည်။ နှစ်ဖက်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၅၄ မိနစ်တွင် ဂျမ်းယူနိုက်တက်နောက်တန်းကစားသမား ဟန့်တားပုံကြမ်းခဲ့သည့် အတွက်ချင်းလန်းအသင်းပယ်နယ်တီရရှိခဲ့ပြီး LUN YAR GIN ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲကစားချိန် ၅၉ မိနစ်တွင် ကောင်းခန့်ဟိန်းက ဆင်ခြေမဂိုး၊ ပွဲကစားချိန် ၆၄ မိနစ်တွင် ကောင်းထက်က သတ္တမဂိုး၊ ပွဲကစားချိန် ၇၇ မိနစ်တွင်ရိုင်းအောင်က အဋ္ဌမဂိုးများ ဂျမ်းယူနိုက်တက်အသင်းအတွက် ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ၈ ဂိုး ၁ ဂိုး ဖြင့် ဂျမ်းယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားသည့်အဆင့်(၁)နေရာမှ ISPE အသင်းနှင့် အဆင့်(၁၂)နေရာမှ စစ်ကိုင်းယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ISPE အသင်းက ၅ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိပြီး အဆင့်(၁)နေရာတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

YUSC ကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့်(၄)နေရာမှ သစ္စာအားမာန်အသင်းနှင့် အဆင့်(၅)နေရာမှရတနာပုံအသင်းတို့ပွဲစဉ်တွင် ပထမပိုင်း၌ ရတနာပုံကခြေသာပြီး ဂိုးသွင်းခွင့်များရှိသော်လည်း ပြိုင်ဘက်ဂိုးဧရိယာအတွင်းဘောလုံးအပျက်များ၍ ဦးဆောင်ဂိုးနှင့်ဝေးခဲ့ရသည်။ အပြန်အလှန်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၄၂ မိနစ်တွင် မျိုးမင်းခန့်က ပြိုင်ဘက်နောက်တန်းအမှားမှ ဦးဆောင်ဂိုးသွင်းယူခဲ့၍ ပထမပိုင်းတွင်သစ္စာအားမာန်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားပြီး ရတနာပုံအသင်းတိုက်စစ်မြှင့်ကစားခဲ့ရာ ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးခဲ့သည်။ ပထမအကျော့ တွေ့ဆုံမှုတွင်လည်း တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေကျခဲ့သည်။

ဝန်းရံခ

လှည်းကူးမြို့နယ်တွင် သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အတွက် အလှူငွေပေးအပ်

လှည်းကူး စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံတွင် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုအတွက် အလှူငွေပေးအပ်ပွဲအား ယမန်နေ့နံနက်ပိုင်းကပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်သည့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်သို့ Emerald Berwery Myanmar Co.,Ltd. (Chang Beer) မှ အလှူငွေကျပ် သိန်းတစ်ရာတိတိအား လှူဒါန်းခဲ့ရာမြို့နယ်ကုသရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းဒန်ဦးနှင့် မြို့နယ်စီမံအဖွဲ့ဝင် ဦးသန်းဇော်တို့ကလက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်မင်းထွန်း၊ လှည်းကူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ဒုတိယခရိုင်မှူး ဦးတင်ထွန်းအောင်၊ လှည်းကူးမြို့နယ် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းဒန်ဦး၊ လှည်းကူးမြို့နယ်စီမံအဖွဲ့ဝင် ဦးသန်းဇော်၊ အလှူရှင် Emerald Berwery Myanmar Co.,Ltd. (Chang Beer)မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။

(၆၀၄)

MYAWADY IN ENGLISH DAILY EDITION

Taze Township grows more than 7,000 acres of maize this year

TAZE September 18

According to the Township Agriculture Department, local farmers planted 7,788 acres of maize in Taze Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Taze Township has targeted the cultivation of a total of 8,173 acres of maize, comprising 7,157 acres of maize and 1,016 acres of sweet corn. Planting began in May this year, and as of today, 5,865 acres of maize and 1,923 acres of sweet corn, totalling 7,788 acres, have been planted.

"This year's monsoon cropping process in Taze Township was set more than 8,000 acres of maize and sweet corn, and 7,788 acres have already been planted. We are continuing our efforts to achieve the full planting target. We are also providing farmers with technical guidance to ensure healthy crop growth and raising awareness on the prevention and control of pests and diseases," said U Ohn Kyaw Myint, Head of the Taze Township Department of Agriculture.

This year, the Taze Township Department of Agriculture has been providing training courses and conducting field demonstrations for farmers cultivating grain maize and sweet corn. The department has also been promoting preventive measures against fall armyworm infestations, integrated crop management practices, the use of neem-based biopesticides, and ginger- and chili-based botanical pesticides, while providing agricultural extension services and technical guidance.



In Taze Township, maize yields average more than 50 baskets per acre, with production costs of about Ks-500,000 per acre. Sweet corn yields average around 15,000 ears per acre, while cultivation costs exceed Ks-500,000 per acre. **SK**

Pyapon Township sends featherback fish to Yangon market



PYAPON September 18

Daw Kathy Tun, the owner of seafood trading in Pyapon Township of Ayeyawady Region, said that local businesspersons sent a large volume of featherback fish to Yangon market .

Seafood traders in Pyapon Township are systematically inspecting locally produced featherback fish before shipping them to the Yangon market.

"Sales of featherback fish to the Yangon market were strong over the past month. During that period, we shipped a total of 43,000 viss of high-quality featherback fish. Demand from the Yangon market remains strong, with orders continuing to increase in October. The higher export volume has also benefited everyone involved in the fisheries sector and related businesses," said Daw Kathy Tun.

Locally produced featherback fish shipped from Pyapon Township to the Yangon market are currently selling for between Ks-22,000 and Ks-30,000 per viss. Increased shipments of fishery products to the Yangon market have also created better income opportunities for fish-processing business owners, fishermen, and workers engaged in the dried-fish industry. **SMK**

More than 2,000 acres of pigeon pea planted in Kalay District

KALAY September 18

Local farmers cultivated more than 2,000 acres of pigeon pea as monsoon crops in Kalay District of Sagaing Region, according to the District Agriculture Department.

Local authorities earmarked cultivation of 3,389 acres of pigeon pea as monsoon crops in Kalay District in 2026-2027 monsoon crop cultivation season. So far, they have planted 2,622 acres of crops.

As of now, pigeon pea cultivation in Kalay District has reached a total of 2,622 acres, comprising 628 acres in Kalay Township, 30 acres in Kalewa Township, and 1,964 acres in Mingin Township.

During the 2026–2027 monsoon cropping season, Kalay District has targeted a total of 3,389 acres of pigeon pea cultivation, including 1,097 acres in Kalay Township, 35 acres in Kalewa Township, and 2,257 acres in Mingin Township.

This year, the respective township offices under the Department of Agriculture in Kalay District have been providing field extension services to pigeon pea farmers, including guidance on selecting high-quality certified seeds, adopting proper cultivation practices, controlling pests, and improving crop yields.

The township offices of the Department of Agriculture in Kalay District are also promoting the combined use of urea and borax as a foliar fertilizer to help reduce farmers' fertilizer costs. It is reported that this method lowers production expenses while improving plant growth and enhancing resistance to pests. **SK**

Kyaukmyaung Sub-Township completes cultivation of more than 10,000 acres of groundnut

KYAUKMYAUNG September 18

Statistics of Kyaukmyaung Sub-Township Agriculture Department stated that local farmers planted 10,454 acres of groundnut as monsoon crops in Kyaukmyaung Sub-Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Kyaukmyaung Sub-Township has set a target of cultivating 12,867 acres of groundnut. Planting began in May this year, and as of today, 10,454 acres have already been planted.

"This year's monsoon cropping plans in Kyaukmyaung Sub-Township targets more than 12,000 acres of groundnut, and 10,454 acres of crops have already been planted.," said Daw Po, Head of the Kyaukmyaung Sub-Township Department of Agriculture.

In Kyaukmyaung Sub-Township, cultivating one acre of groundnut requires one and a half baskets of seed. Production costs exceed Ks-200,000 per acre, including expenses for seed, labor, fertilizer, and pesticides. The average yield is more than 50 baskets per acre.

To ensure successful crop establishment this year, staff from the Township Department of Agriculture have been conducting field inspections of groundnut plantations, monitoring and recording pest surveillance data, and providing guidance to prevent pest and disease outbreaks and keep fields free of weeds. **SMK**

More than 5,000 acres of vegetables planted in Monywa Township

MONYWA September 18

The Department of Agriculture in Monywa Township stated that local farmers grew 5,793 acres of vegetables in Monywa Township of Sagaing Region this year.

Local authorities earmarked cultivation of 9,300 acres of vegetables in the township in 2026-2027 monsoon cultivation season but local farmers planted 5,793 acres of crops against the target cultivation.

During this year's monsoon crop cultivation season, more than 9,000 acres of vegetables were planned to be cultivated in Monywa Township, of which more than 5,000 acres have already been planted. Efforts are being made to ensure that the targeted acreage is fully cultivated. The crops include mustard, chilli, herbs and spices, potato, cabbage, eggplant and cauliflower. Farmers are being provided with technical assistance to enable them to grow all vegetables in accordance with Good Agricultural Practices (GAP). They are also being provided with agricultural technologies to ensure that all vegetables are grown in a health-conscious manner with minimal chemical residues," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

This year, the Monywa Township Agriculture Department has been providing vegetable farmers with technical training



on GAP-based cultivation methods, as well as guidance on producing vegetables from their farms that are safe and healthy for consumption. Efforts are also being made to encourage farmers to expand vegetable cultivation.

A variety of seasonal vegetables are cultivated annually in Monywa Township. The vegetable crops have been successfully grown, providing income for farming families. The Township Agriculture Department is also raising awareness among farmers who plan to grow vegetables about proper cultivation methods, prevention and control of pest infestations, and the preparation and use of organic fertilizers, organic pesticides and natural pest repellents.

SK

Kani Township completes cultivation of more than 5,000 acres of rainfed blue phaseolus this year

KANI September 18

More than 5,000 acres of croplands have been placed under blue phaseolus plants in Kani Township of Sagaing Region this monsoon, according to the Township Agriculture Department.

During the 2026-2027 monsoon cropping season, Kani Township has set a target to cultivate 7,260 acres of rainfed blue phaseolus. Farmers began cultivation in May this year, and 5,395 acres have been planted to date.

"This year, Kani Township has set a target of cultivating more than 7,000 acres of blue phaseolus during the monsoon cropping season. More than 5,000 acres have been planted as of today. We are taking measures to ensure that the target acreage is fully cultivated. We are providing awareness and extension services to encourage the expansion of cultivation, as well as educating farmers on the use of quality and pure seeds to achieve good yields," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Kani Township Agriculture Department is providing farmers cultivating blue phaseolus with guidance on obtaining quality and pure seeds suitable for local conditions, proper cultivation methods, pest and disease prevention, systematic use of fertilizers and measures to achieve good yields.

During this year's monsoon cropping season, the department is also working in cooperation with farmers to provide the quality and pure seeds, agricultural inputs and post-harvest technology needed to improve the yield and quality of various pulses.

SK

Dabayin Township sees expansion of sown acreage for green gram



DABAYIN September 18

Local farmers from Dabayin Township of Sagaing Region cultivated green gram exceeding the target cultivation, according to the Township Agriculture Department.

During the 2026-2027 monsoon cropping season, Dabayin Township set a target to cultivate 14,949 acres of green gram. Farmers began cultivation in May this year, and local farmers planted 19,101 acres of crops to date.

"This year, Dabayin Township set a target to cultivate 14,949 acres of green gram during the monsoon cropping season, and 19,101 acres have already been planted. At present, the cultivated acreage has exceeded the target. We are providing awareness and extension services to encourage the expansion of green gram cultivation and educating farmers on the use of quality and pure seeds to achieve good yields," said Daw Aye Myat Mon, Head of the Dabayin Township Agriculture Department.

This year, the Dabayin Township Agriculture Department has been providing green gram farmers with guidance on obtaining quality and pure seeds suitable for local conditions, proper cultivation methods, prevention of pest infestations, systematic use of fertilizers and measures to achieve good yields.

During this year's monsoon cropping season, the department is also working in cooperation with farmers to provide the quality and pure seeds, agricultural inputs and post-harvest technology needed to improve the yield and quality of pulse crops.

SMK

More than 30,000 acres of pigeon pea grown in Budalin Township

BUDALIN September 18

Local farmers cultivated 30,612 acres of pigeon pea as monsoon crops in Budalin Township of Sagaing Region this monsoon, according to the Township Agriculture Department.

During the 2026-2027 monsoon crop cultivation season, 34,500 acres of pigeon pea have been targeted for cultivation in Budalin Township. Cultivation began in May this year, and 30,612 acres have been planted to date.

"During this year's monsoon crop cultivation season, 34,500 acres of pigeon pea were targeted for cultivation in Budalin Township, and 30,612 acres have already been planted. Efforts are being made to meet the tar-geted acreage. Assistance is also being provided to improve the yield of pigeon pea. Farmers grow pigeon pea both as a standalone crop and as an intercropped crop," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Budalin Township Agriculture Department has been conducting field awareness activities for pigeon pea farmers, providing guidance on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest infestations and increasing crop yields.

The Township Agriculture Department in Budalin Township is also disseminating technologies for the combined use of urea and borax to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax helps reduce cultivation costs, protect plants from pest infestations and promote healthy plant growth.

SMK

Russia slams Japan over US missile deployment



MOSCOW September 18

Russia has demanded that Japan remove US mid-range Typhon missile systems from its territory, Foreign Ministry spokeswoman Maria Zakharova has said, describing the deployment as unacceptable and a threat to national security and regional stability.

In a statement published by the Foreign Ministry on Friday, Zakharova said Moscow sent Tokyo a formal protest note on September 3 after the US deployed the launchers to the southwestern island of Kyushu, 1,300 km from the city of Vladivostok.

"The Japanese side was told to stop this practice and remove the above-mentioned systems from its territory," she said, adding that Moscow opposes these deployments regardless of the duration.

The US Army brought Typhon systems to Japan's Kanoya Air Base in Kagoshima Prefecture in June for the Valiant Shield exercise and kept them there for another drill being held this month. The launchers are slated to leave Kanoya in mid-October but are expected to be stored at US military facilities elsewhere in Japan. No live firing is planned during the deployment.

The Typhon is capable of launching SM-6 missiles, as well as Tomahawk land-attack cruise missiles, which have a range of around 1,600 km. The US developed the Typhon after withdrawing from the Intermediate-Range Nuclear Forces (INF) Treaty, which prohibited US and Soviet ground-launched and cruise missiles with ranges of 500 to 5,500 km.

Zakharova noted that China recently delivered a similar protest to Japan over its "remilitarization."The dispute comes amid another spike in tensions between Russia and Japan over the four southernmost Kuril Islands, which were incorporated into the Soviet Union after Tokyo's defeat in World War II. Japan still claims the islands of Iturup, Kunashir, Shikotan, and the Habomai Islands, which they refer to as the Northern Territories.

Last month, Japanese Prime Minister Sanae Takaichi protested President Vladimir Putin's first visit to Iturup, calling the trip "absolutely unacceptable."

Days later, Russia conducted missile drills near the southern Kurils involving the cruiser Varyag, the nuclear-powered submarine Omsk, and a Bastion coastal missile system, prompting another protest from Tokyo.

The dispute over the Kuril Islands has been a stumbling block to Russia and Japan signing a peace treaty. Moscow suspended the negotiations in March 2022 after Tokyo took part in the Western sanctions imposed on Russia over the Ukraine conflict.

RT

U.S. returns 64 cultural relics, fossils to China

NEW YORK September 18

The United States has returned 64 Chinese cultural relics and paleontological fossils to China, China's National Cultural Heritage Administration (NCHA) said Thursday.

The items were handed over in two batches in Washington and New York on Wednesday and Thursday by Homeland Security Investigations (HSI) and the Manhattan District Attorney's Office, respectively.

At the return ceremonies, Rao Quan, vice minister of Culture and Tourism and administrator of the NCHA, signed the confirmation of the return and receipt on behalf of the Chinese side.

The returned items, seized by U.S. law enforcement agencies, include the torso of a bodhisattva statue from the Tianlongshan Grottoes, as well as statues, terracotta figures, dinosaur skeleton fossils, fish fossils and dinosaur egg fossils.

The NCHA said that it worked with Chinese diplomatic and consular missions in the United States and relevant U.S. authorities to facilitate the return of the artifacts and that this week's return marked the fifth time the Manhattan District Attorney's Office had returned cultural relics to China.

The latest repatriations are part of China-U.S. cooperation to combat illicit trafficking of Chinese cultural property under a memorandum of understanding signed in 2009 and renewed three times since.

Present at the ceremonies were Chinese Ambassador to the United States Xie Feng and Consul General in New York Chen Li, along with representatives from the U.S. State Department, the HSI and the Manhattan District Attorney's Office. **Xinhua**

16 killed in twin suicide attack in NW Pakistan



ISLAMABAD September 18

At least 16 people were killed and over 50 others injured in a twin suicide attack inside a residential compound of police in Pakistan's northwestern Khyber Pakhtunkhwa province on Friday, police and rescue officials said.

The incident happened in Kohat District, where one of the bombers rammed an explosive-laden vehicle into a mosque adjacent to the gate of the compound before detonating it, Inspector General of Police of the province Zulfiqar Hameed told the media.

Another bomber blew himself up near a building housing offices of the special branch of police, he added.

Following the blasts, seven armed militants infiltrated the Police Lines premises, where police and the Counter Terrorism Department launched an operation against them, according to a statement issued by the Khyber Pakhtunkhwa Police.

The police engaged the militants in an exchange of fire, during which six militants were killed, while the clearance operation has entered its final stages, it added.

Bilal Faizi, spokesperson of the state-owned rescue organization Rescue 1122 in the province, told Xinhua that the dead included 11 civilians and five policemen.

He added that some of the injured people, including policemen and civilians, had been shifted to a nearby hospital, where several of them were in critical condition.

The country's prime minister and president condemned the blast and expressed grief over the casualties.

Authorities were urged to expedite rescue operations and provide all possible facilities to those affected. **Xinhua**

British, Irish PMs reaffirm commitment to Good Friday Agreement

LONDON September 18

British Prime Minister Andy Burnham and Irish Prime Minister Micheal Martin on Friday reaffirmed "their shared commitment to upholding the Good Friday Agreement."

The two leaders stressed the position in a statement by 10 Downing Street. Burnham met the Taoiseach of Ireland on Friday, marking the first time an international leader has visited No. 10 North, the statement added.

The 1998 Good Friday Agreement ended three decades of violence between Irish nationalists seeking a united Ireland and unionists hoping Northern Ireland to remain part of Britain.

During a two-day visit to Ireland, Trump said on Saturday he would "love to see" the unification of Ireland and Britain's Northern Ireland. The remarks sparked strong opposition from British politicians, including Conservative Party leader Kemi Badenoch and Reform UK leader Nigel Farage. **Xinhua**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Are you eating breakfast, lunch and dinner at the wrong time? Experts reveal the perfect hour for every meal - and why shifting yours by an hour could transform your waistline

Staying trim, fit and healthy is no longer just determined by what you eat, as scientists are increasingly concerned with when you eat, too.

A growing body of evidence suggests that eating the majority of calories as early as possible in the day could accelerate weight loss, lower blood pressure and keep you fuller for longer.

Last year, scientists from Slovenia found restricting meals to an 8 am to 4 pm window resulted in ten pounds weight loss over three months, as well as reduction in body fat and stabilisation of blood sugar levels.

Critics say the effect is merely a result of fitting in fewer calories in a shorter space of time.

But is that really the extent of the benefit?

According to registered dietitian Sophie Medlin, there is reason to consider meal timings – and not just for those looking to lose weight.

The body's ability to utilise food depends on the interaction with our daily routine; that is, the time we wake up, sleep and exercise, she says.

Here, she reveals the truth about the optimum time for breakfast, lunch and dinner – and the worst time to snack if you're looking to shift extra pounds.

Is eating earlier really better?

There's no denying that research suggests eating more of our energy earlier in the day could produce some benefits for weight and heart health, says Ms Medlin.

Perhaps the most in-depth study is a 2024 meta-analysis which found that earlier calorie distribution and time-restricted eating produced reductions in weight – albeit relatively small.

'Our bodies run on approximately 24-hour circadian rhythms,' says Ms Medlin. 'These influence how good our body is at converting blood sugar to energy and digesting food, as well as the level of our appetite hormones.'

In general, the body is more efficient at converting sugars in food into energy – and therefore calories burned – during the most active part of the day.

'Eating earlier gives us more opportunity to use energy through movement,' she adds.



One 2022 Harvard study asked 16 overweight and obese adults to stick to an early eating schedule for two weeks, and then pushed the meals back by four hours, but consuming the same calorie intake.

Early eaters ate one hour after waking – at around 8 am, on average, – while the late eaters waited five hours, with some having their first meal as late as 12 pm.

Those in the early group ate dinner at around 4.30 pm, compared to 8.30 pm in the late group.

Results showed that those on the later schedule had much higher blood levels of hormones associated with hunger, and lower levels of compounds released in response to fullness.

The researchers concluded that eating later could trigger changes in the gut that increase hunger signals, risking weight gain.

However, Ms Medlin caveats: 'This study is interesting but it only involved 16 adults. More conclusive evidence is needed to prove the theory.'

She admits, though, that delaying most of our food until late evening could disrupt appetite regulation, and make blood sugars go awry.

What about skipping breakfast?

Intermittent fasting – which involves limiting calorie intake for a few days a week – remains popular among Britons.



Most adherents follow a similar schedule: skipping breakfast and saving their calories for lunch and dinner, while cutting out the snacks.

A review on the diet plan published earlier this year suggested it could result in a body weight reduction of about 3 percent (roughly five and a half pounds in an average man).

However, a wealth of other reviews have found that the benefits are likely just the result of eating fewer calories.

Scientists have found similar weight loss with other low-calorie diets. And some research suggests skipping breakfast could cause you to overeat.

One large observational study examining the dietary records of 23,488 American adults found that people who skipped both breakfast and lunch consumed, on average, about 187 more calories at dinner.

Another study involving almost 3,000 older adults found delaying the first meal of the day by even an hour was associated with an 11 percent higher risk of death.

'Skipping breakfast risks a pattern whereby you eat very little throughout the day and then consume a large proportion of the day's food late at night,' says Ms Medlin.

'This can encourage overeating, and large, rich meals close to bed may cause reflux, bloating or disturbed sleep.'

She adds that, as the body is less able to convert food to energy at night, excess calories are more likely to be stored as fat.

Is there an optimum time for every meal?

According to Ms Medlin, there aren't any specific timings that guarantee that we won't overeat, become sluggish, or lose focus.

However, there are 'useful windows' to stick to which are based on the strongest scientific evidence.

'Breakfast could be eaten within around one to two hours of waking up, lunch approximately four to five hours later, and dinner ideally two to three hours before bed,' says Ms Medlin.

'For someone following a conventional sleep pattern, that might mean breakfast between 7 am and 9 am, lunch between 12 pm and 2 pm, and dinner between 6pm and 8 pm.'

But most crucial is ensuring the hours before bed are not the 'main eating period of the day', she adds. **Mail Online**

ပါကစ္စတန်တွင် အသေခံပုံးခွဲမှုကြောင့် အနည်းဆုံး လူ ၁၆ ဦး သေဆုံး

အစ္စလာမ်မာဘတ်၊ တိုက်ခိုက်မှု

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပတ်တန်ခွာပြည်နယ် ကိုဟတ်ခရိုင်ရှိ ရဲတပ်ဖွဲ့ဝင်များ နေထိုင်ရာဝင်းအတွင်း စက်တင်ဘာလ ၁၈ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုနှစ်ကြိမ် ဖြစ်ပွားရာ အနည်းဆုံးလူ ၁၆ ဦး သေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များကပြောသည်။

ထိုတိုက်ခိုက်မှုတွင် ဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်ဖြင့် ရဲဝင်းအဝင်ဂိတ်အနီးရှိ ဗလီကိုဝင်တိုက်ပြီး ဖောက်ခွဲမှုလုပ်သည်။ အခြားဗုံးခွဲသမားတစ်ဦးကလည်း ရဲတပ်ဖွဲ့အထူးဌာနရုံးများရှိရာ အဆောက်အအုံအနီးတွင် ကိုယ့်ကိုယ်ကို အသေခံဖောက်ခွဲခြင်း ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးကပြောသည်။

ပေါက်ကွဲမှုများအပြီး သေနတ်သမားခုနစ်ဦးမှာ ရဲဝင်းအတွင်း ဝင်ရောက်လာသဖြင့် ရဲတပ်ဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနတို့က စစ်ဆင်ရေးလုပ်ရာ သေနတ်သမားခြောက်ဦး သေဆုံးကြောင်းနှင့် ဗုံးခွဲမှုကြောင့်သေဆုံးသူများတွင် အရပ်သားများလည်းပါဝင်ကြောင်း သိရသည်။ **Ref: Xinhua**



အင်ဒိုနီးရှား၏ ပထမဆုံးလေယာဉ်တင်သင်္ဘော ဂျကာတာသို့ရောက်ရှိ

ဂျကာတာ၊ စစ်လက်နက်ပစ္စည်း

အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောဖြစ်လာမည့် အီတလီရေတပ်တွင်အသုံးပြုထားသည့် Giuseppe Garibaldi စစ်သင်္ဘောသည် စက်တင်ဘာလ ၁၈ ရက်တွင် ဂျကာတာမြို့ရှိ Tanjung Priok ဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် အီတလီနိုင်ငံမှ သီတင်းပတ်သုံးပတ်ကြာခရီးနှင်လာပြီးနောက် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး လက်ရှိတွင် KRI Sriwijaya အမည်ဖြင့်ပြောင်းလဲအသုံးပြုသွားရန် စီစဉ်ထားသည်။

Giuseppe Garibaldi သည် ၁၉၈၅ ခုနှစ်တွင် အီတလီရေတပ်၌ စတင်တာဝန်ထမ်းဆောင်ပြီး ၂၀၂၄ ခုနှစ်တွင် အနားယူခဲ့သည့် သင်္ဘောဖြစ်သည်။ အီတလီအစိုးရက ယူရို ၅၄ သန်းကျော်တန်ဖိုးရှိသင်္ဘောကို အင်ဒိုနီးရှားနိုင်ငံသို့ ထောက်ပံ့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

သင်္ဘောသည်ဩဂုတ်လ ၂၄ ရက်က အီတလီနိုင်ငံမှ ထွက်ခွာခဲ့ပြီး ဆော်ဒီအာရေဗျနှင့် သီရိလင်္ကာတို့တွင်ရပ်နားကာ အင်ဒိုနီးရှားရေပိုင်နက်အတွင်း ဝင်ရောက်လာချိန်တွင် အင်ဒိုနီးရှားရေတပ်မှ ဖရီးဂိတ် စစ်ရေယာဉ်နှစ်စင်းက ဂျကာတာအထိ လိုက်ပါစောင့်ကြပ်ပေးခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားရေတပ်အနေဖြင့် အဆိုပါလေယာဉ်တင်သင်္ဘောကို စက်တင်ဘာလ ၂၄ ရက်တွင် အင်ဒိုနီးရှားအလံတင်၍ တရားဝင်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ ယင်းနောက် သင်္ဘောကို ခေတ္တမီအောင် ပြန်လည်မွမ်းမံနိုင်ရန် ရူပီးယား ၇ ဒသမ ၂ ထရီလီယံခန့်အသုံးပြုပေးသွားမည်ဖြစ်သည်။

ထိုသင်္ဘောကို စစ်ရေးတာဝန်များအပြင် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် အဓိကအသုံးပြုရန် စီစဉ်ထားသည်။ အထူးသဖြင့်ကာလီမန်တန်နှင့်ဆူမားတြာ တောင်ပိုင်းတွင် ဖြစ်ပွားနေသည့် တောမီးများကို ငြိမ်းသတ်ရာတွင် ရဟတ်ယာဉ်များ သယ်ဆောင်ကာ ပင်လယ်ပြင်မှလှုပ်ရှားနိုင်သည့် စခန်းအဖြစ်အသုံးပြုရန် ရည်ရွယ်ထားကြောင်းသိရသည်။ **Ref: ST**

ဖိလစ်ပိုင်၌ ကျောင်းတွင်းပစ်ခတ်မှုဖြစ်ပွား ခြောက်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရ

မနီလာ၊ တိုက်ခိုက်မှု

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း တောင်ကိုတာဘာတိုပြည်နယ် ဘန်ဂါမြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ စက်တင်ဘာလ ၁၈ ရက်က ကျောင်းတွင်းပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးခြောက်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိကြောင်း လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (DSWD) က ထုတ်ပြန်သည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ ပစ်ခတ်မှုသည် မွန်းလွဲ ၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများက ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။ ဖြစ်စဉ်အပြီးတွင် ထိခိုက်ခံစားခဲ့ရသူများနှင့် မိသားစုဝင်များကို ကူညီပေးရန် DSWD ၏ လူမှုဝန်ထမ်းများက ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ ရောက်ရှိနေပြီး လိုအပ်သည့်ထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။

အဆိုပါကျောင်းတွင်းပစ်ခတ်မှုကြောင့် ဘန်ဂါမြို့အတွင်းရှိ ကျောင်းများအားလုံးတွင် စာသင်ကြားမှုများကို ချက်ချင်းရပ်ဆိုင်းခဲ့ကြောင်း ဒေသဆိုင်ရာဘေးအန္တရာယ်လျော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးက ထုတ်ပြန်ထားသည်။ **Ref: Xinhua**

ဟော်မုရေလက်ကြားစစ်ပွဲတွင် တောင်ကိုရီးယားတပ်ဖွဲ့ကို စေလွှတ်မည်မဟုတ်

ဆိုး၊ စစ်ရေး

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဟော်မုရေလက်ကြားတွင် ဖြစ်ပွားနေသည့်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် သို့မဟုတ် ကြားဝင်စွက်ဖက်ရန် တပ်ဖွဲ့များကိုစေလွှတ်မည်မဟုတ်ကြောင်း သမ္မတ လီဂျေမြောင်က စက်တင်ဘာလ ၁၈ ရက်တွင် ပြောကြားသည်။

ဆိုးမြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတလီဂျေမြောင်က တောင်ကိုရီးယားအနေဖြင့် စစ်ပွဲတွင် ပါဝင်ပတ်သက်လာစေမည့် ပုံစံဖြင့် စစ်ရေးအင်အားအသုံးပြုမည်မဟုတ်ဘဲ ယင်းမူဝါဒကို ဆက်လက်ထိန်းသိမ်းသွားမည်ဟုပြောသည်။ သို့သော် တောင်ကိုရီးယားကုန်သွယ်ရေးသင်္ဘောများ၊ ရေနံစိမ်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် နိုင်ငံသားများ၏ အသက်နှင့်လုံခြုံရေးကိုကာကွယ်ရန် လိုအပ်သည့် အနည်းဆုံးလုပ်ဆောင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကအတည်ပြုထားသည်ဟု သိရသည်။ **Ref: Xinhua**

ဂျပန်တွင် အမေရိကန်၏ Typhon ဒုံးကျည်စနစ်များ ဖြန့်ကြက်မှု ရုန္ရားကန့်ကွက်

မော်စကို၊ စစ်ရေး

ဂျပန်နိုင်ငံရှိ ကျူရူးကျွန်းတွင် အမေရိကန်နိုင်ငံထုတ် Typhon အမျိုးအစား မြေပြင်အခြေစိုက် ဒုံးကျည်စနစ်များ ဖြန့်ကြက်မှုကို ရုန္ရားနိုင်ငံခြားရေးဝန်ကြီးဌာနက ဂျပန်အစိုးရထံ ကန့်ကွက်စာပေးပို့ခဲ့ကြောင်း စက်တင်ဘာလ ၁၈ ရက်တွင်ပြောသည်။

ရုန္ရားနိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါကန့်ကွက်စာကို စက်တင်ဘာလ ၃ ရက်တွင် မော်စကိုမြို့နှင့်တိုကျိုမြို့တို့ရှိ ဂျပန်တာဝန်ရှိသူများထံသို့ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာကပြောသည်။ Typhon စနစ်များဖြန့်ကြက်ထားခြင်းသည် ရုန္ရား၏ အမျိုးသားလုံခြုံရေးအပြင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်နိုင်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့နောက် ဂျပန်နိုင်ငံအနေဖြင့် ထိုဒုံးကျည်စနစ်များ ဖြန့်ကြက်ထားမှုကိုရပ်တန့်ပြီး ဒုံးကျည်များကို ဖယ်ရှားရန်ရုန္ရားဘက်ကတောင်းဆိုထားသည်။

Typhon အမျိုးအစား ဒုံးကျည်စနစ်သည် တာလတ်နှင့်တာတိုပစ်ဒုံးကျည်များကို ပစ်လွှတ်နိုင်သည့် မြေပြင်အခြေစိုက် ဒုံးကျည်စနစ်တစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံတွင် ယင်းစနစ်များ ဖြန့်ကြက်ချထားမှုအပေါ် ရုန္ရားက လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို ထုတ်ဖော်ပြောထားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**



တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုက ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးကို အထောက်အကူပြုနေ

ဘန်ကောက်၊ ဆက်ဆံရေး

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တရုတ်ပြည်သူများအတွက် အခွင့်အလမ်းကောင်းများစွာကို ဖန်တီးပေးနေပြီး လူနေမှုဘဝများကို တိုးတက်ကောင်းမွန်စေရုံသာမက ဒေသတွင်းနှင့်ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြုနေကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် အနုတင်ချန်ဝိရာကူကပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ခြင်း (၇၇) နှစ်မြောက်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ဘန်ကောက်မြို့ရှိ Queen Sirikit National Convention Center ၌ စက်တင်ဘာလ ၁၇ ရက်တွင်ကျင်းပသည့် အခမ်းအနား၌ ထိုင်းနိုင်ငံဝန်ကြီးချုပ်ကယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အနေဖြင့် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းကာ အခွင့်အလမ်းအသစ်များကို ဖော်ဆောင်သင့်ကြောင်းလည်း ၎င်းကအလေးပေးပြောသည်။

ထို့ပြင် နှစ်နိုင်ငံကြား ပိုမိုတည်ငြိမ်ကာသာယာဝပြောပြီး ရေရှည်တည်တံ့သည့် အနာဂတ်ကိုဖော်ဆောင်ရန် "တူညီသော အနာဂတ်ရှိသည့် ထိုင်း-တရုတ်အသိုက်အဝန်း" တည်ဆောက်ရေးကို အတူတကွ ရှေ့ဆက်အကောင်အထည်ဖော်သွားသင့်ကြောင်း အနုတင်ကပြောသည်။

ထို့နောက်တရုတ်သံရုံးမှယာယီတာဝန်ခံ ဝူကျစ်ဝူကလည်း နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်မြှင့်တင်ပြီး ခေါင်းဆောင်များ၏ သဘောတူညီချက်များကို အကောင်အထည်ဖော်ကာ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြောင်းသိရသည်။ **Ref: Xinhua**



BMW iX3 အော်ဒါ တစ်သိန်းကျော် ရရှိပြီးနောက် ၂၄ နာရီ မရပ်မနားထုတ်လုပ်

ဂျာမနီနိုင်ငံမှကားထုတ်လုပ်ရေးကုမ္ပဏီ BMW ရဲ့ လျှပ်စစ် SUV ကားသစ် iX3 ကို ဥရောပဈေးကွက်မှာ အော်ဒါတစ်သိန်းကျော် ရရှိလာတာကြောင့် ဟန်ဂေရီနိုင်ငံ Debrecen စက်ရုံမှာ ထုတ်လုပ်မှုကို ၂၄ နာရီ မရပ်မနား လုပ်ဆောင်နေပါတယ်။

BMW ဟာ ယခုနှစ် ဖေဖော်ဝါရီလမှစပြီး ဒုတိယအလုပ်ချိန်ကို စတင်ထည့်သွင်းခဲ့ပြီး နောက် စက်တင်ဘာလမှာ တတိယအလုပ်ချိန်ကိုပါ ထပ်ပြီးတိုးလိုက်တာဖြစ်ပါတယ်။ ဒီလိုနဲ့ Debrecen စက်ရုံဟာ iX3 ထုတ်လုပ်မှုကို အလုပ်ချိန်သုံးဆိုင်းနဲ့ ၂၄ နာရီပတ်လုံး လည်ပတ်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ BMW အုပ်စုရဲ့ စက်ရုံအသစ်တစ်ခုအနေနဲ့ အခုလို ထုတ်လုပ်မှုအရှိန်မြှင့်တင်နိုင်တာဟာ အမြန်ဆုံးဖြစ်တယ်လို့ ကုမ္ပဏီဘက်ကပြောပါတယ်။

Debrecen စက်ရုံမှာ ဇူလိုင်လအတွင်း iX3 အစီးရေ ၅၀၀၀၀ ပြည့်မြောက်အောင် ထုတ်လုပ်နိုင်ခဲ့ပေမယ့် ဥရောပတစ်ဝန်းမှ အော်ဒါတစ်သိန်းကျော်ရရှိထားတာကြောင့် ထပ်မံထုတ်လုပ်ရမယ့် အရေအတွက်က အများအပြားကျန်ရှိနေပါတယ်။ BMW ရဲ့ Neue Klasse လျှပ်စစ်ကားမျိုးဆက်သစ်ထဲက iX3 ဟာ ပထမဆုံးထုတ်လုပ်တဲ့ မော်ဒယ်ဖြစ်ပြီး Debrecen စက်ရုံမှာ ယခုနှစ်အစပိုင်းကတည်းက စီးရီးလိုက်ထုတ်လုပ်နေတာပါ။ ယခုနှစ် ဆောင်းဦးပိုင်းမှာတော့ Neue Klasse ထဲက ဒုတိယမော်ဒယ်ကိုလည်း အဲဒီစက်ရုံမှာ စတင်ထုတ်လုပ်သွားမယ်လို့ BMW က ဆိုပါတယ်။ **Ref: EA**

ကိုထက်


မိနစ် ၂၀ လမ်းလျှောက်ရုံနဲ့ အူလမ်းကြောင်းလှုပ်ရှားမှု ချက်ချင်းမြင့်တက်

နေ့စဉ်မိနစ် ၂၀ လောက် လမ်းလျှောက်ပေးရုံနဲ့ အူလမ်းကြောင်းလှုပ်ရှားမှုကို ချက်ချင်းတိုးမြင့်ပေးနိုင်တယ်လို့ ဂျပန်နိုင်ငံ Fujita Health University မှ သုတေသီတွေက တွေ့ရှိခဲ့ပါတယ်။ သုတေသီတွေဟာ ကျန်းမာတဲ့လူငယ် ၂၁ ဦးကို လေ့လာမှုမှာပါဝင်စေပြီး အနားယူနေချိန်မှာ အူလမ်းကြောင်းမှထွက်တဲ့အသံကို တိုင်းတာခဲ့ပါတယ်။

အဲဒီနောက် ပါဝင်သူတွေဟာ ကိုယ်တိုင်သက်သောင့်သက်သာရှိတဲ့အရှိန်နဲ့ပြေးစက်ပေါ်မှာ မိနစ် ၂၀ ကြာလမ်းလျှောက်ခဲ့ကြပါတယ်။ လမ်းလျှောက်ပြီးနောက် အူလမ်းကြောင်းအသံတွေကို ထပ်မံတိုင်းတာခဲ့ရာ တစ်မိနစ်မှနှစ်မိနစ်အတွင်းမှာ အူလမ်းကြောင်းလှုပ်ရှားမှုသိသိသာသာမြင့်တက်လာတာကို တွေ့ရှိခဲ့ပါတယ်။

အထူးသဖြင့် အူလမ်းကြောင်းအသံရဲ့ ပြင်းအားဟာ အနားယူချိန်နဲ့ နှိုင်းယှဉ်ရင် နှစ်ဆနီးပါးအထိမြင့်တက်ပြီး အသံထွက်ပေါ်တဲ့ အကြိမ်ရေလည်းတိုးလာပါတယ်။ ဒါပေမဲ့ အဲဒီလိုအကျိုးသက်ရောက်မှုဟာ နှစ်မိနစ်ကနေ သုံးမိနစ်အတွင်း ပြန်လည်လျော့ကျသွားခဲ့ပါတယ်။ သုတေသီတွေက ဒီတွေ့ရှိချက်ဟာ လမ်းလျှောက်ခြင်းက အူလမ်းကြောင်းလှုပ်ရှားမှုကို ချက်ချင်းလှုံ့ဆော်နိုင်ပြီး အူလမ်းကြောင်းကို ကျန်းမာစေတဲ့ အကြောင်းရင်းတစ်ခုဖြစ်နိုင်ကြောင်းဖော်ပြထားပါတယ်။ **Ref: STD**

ကိုထက်



အမေရိကန်ရေတပ်အတွက် ဝေဟင်ဆီဖြည့်ဒရုန်း MQ-25


အမေရိကန်ရေတပ်ရဲ့ လေယာဉ်တင်သင်္ဘောတွေပေါ်မှာအသုံးပြုမယ့် မောင်းသူမဲ့ဝေဟင်ဆီဖြည့်ဒရုန်းဖြစ်တဲ့ MQ-25A Stingray ကို Boeing က အစီးရေ အနည်းငယ်နဲ့ စတင်ထုတ်လုပ်မှာဖြစ်ပါတယ်။ အမေရိကန်ရေတပ်က Boeing ကို ဒေါ်လာ ၅၆၂ သန်းတန် စာချုပ်ပေးအပ်ခဲ့ပြီး ပထမအသုတ်အနေနဲ့ MQ-25 သုံးစင်းထုတ်လုပ်မှာဖြစ်သလို နောက်ထပ်သုံးစင်းအတွက် လိုအပ်တဲ့အစိတ်အပိုင်းတွေကိုလည်း ကြိုတင်မှာယူထားပါတယ်။ အမေရိကန်ရေတပ်က ဝေဟင်ဆီဖြည့်ဒရုန်းပထမအသုတ်ကို ၂၀၂၉ ခုနှစ်မှာ စတင်လက်ခံရရှိဖို့ မျှော်မှန်းထားပါတယ်။

MQ-25 ရဲ့ အဓိကတာဝန်က လေယာဉ်တင်သင်္ဘောပေါ်က တိုက်လေယာဉ်တွေကို လေထဲမှာလောင်စာဆီဖြည့်ပေးဖို့ဖြစ်ပါတယ်။ လက်ရှိဒီတာဝန်ကို F/A-18E/F Super Hornet တိုက်လေယာဉ်တွေက တစ်စိတ်တစ်ပိုင်း ထမ်းဆောင်နေရတာကြောင့် MQ-25 ကိုအသုံးပြုလာနိုင်ရင် တိုက်လေယာဉ်တွေကို တခြားတိုက်ခိုက်ရေးတာဝန်တွေအတွက် ပိုမိုအသုံးချနိုင်မှာပါ။ MQ-25 ကိုယ်တိုင်တက်၊ ပျံသန်း၊ ဆင်းသက်နိုင်ပြီး လောင်စာဆီ ပေါင် ၁၄၀၀၀ ကျော်ကို ရေမိုင် ၅၀၀ အကွာအဝေးအထိ ပို့ဆောင်ပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ အမေရိကန်ရေတပ်က စုစုပေါင်း MQ-25 အစီးရေ ၇၆ စင်းအထိရရှိဖို့ စီစဉ်ထားပါတယ်။ **Ref: IE**

ကိုထက်



ကမ္ဘာမြေထက် ပိုရှေးကျတဲ့ ဥက္ကာခဲထဲမှာ မော်လီကျူးသောင်းချီတွေ့ရှိ





ကမ္ဘာမြေမဖွဲ့စည်းမီကတည်းက ရှိခဲ့တဲ့ ဥက္ကာခဲတစ်ခုအတွင်းမှာ ကာဗွန်အခြေခံ မော်လီကျူးဖွဲ့စည်းမှု သောင်းနဲ့ချီပါဝင်နေတာကို သိပ္ပံပညာရှင်တွေက ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒီတွေ့ရှိချက်ဟာ အစောပိုင်းကာလ နေအဖွဲ့အစည်းရဲ့ ဓာတုဖွဲ့စည်းပုံကို ပိုမိုနားလည်လာစေမယ်လို့ ဆိုပါတယ်။

သုတေသနအဖွဲ့မှာ National High Magnetic Field Laboratory၊ Florida State University နဲ့ Brookhaven National Laboratory တို့မှ သိပ္ပံပညာရှင်တွေ ပါဝင်ခဲ့ကြပါတယ်။ သူတို့ဟာ ၁၉၆၉ ခုနှစ်တုန်းက ဩစတြေးလျနိုင်ငံကိုကျရောက်ခဲ့တဲ့ Murchison ဥက္ကာခဲနဲ့ ၂၀၁၉ ခုနှစ်မှာ ကောက်စတာရီကာကိုကျရောက်ခဲ့တဲ့ Aguas Zarcas ဥက္ကာခဲတို့ရဲ့ အစိတ်အပိုင်းတွေကို လေ့လာခဲ့ကြတာပါ။

အဆင့်မြင့် mass spectrometer ကို အသုံးပြုပြီး ဥက္ကာခဲနမူနာအသေးစားတွေထဲမှာ ကာဗွန်အခြေခံမော်လီကျူးဖွဲ့စည်းမှုသောင်းချီရှိတာကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအရေအတွက်ဟာ မော်လီကျူးတစ်မျိုးချင်းစီရဲ့ ထူးခြားတဲ့ဖွဲ့စည်းပုံမြောက်မြားစွာကို တိုက်ရိုက်တွေ့ရှိခဲ့တာလို့တော့ မဆိုလိုပါဘူး။ ဒါပေမဲ့ Brookhaven မှာ atomic-scale microscopy နည်းပညာကို အသုံးပြုပြီး မော်လီကျူးအချို့ရဲ့ တကယ့်ဖွဲ့စည်းပုံကိုပါ ပုံဖော်လေ့လာနိုင်ခဲ့ပါတယ်။ Murchison ဥက္ကာခဲဟာ အနည်းဆုံး နှစ်ပေါင်း ၅ ဒသမ ၅ ဘီလီယံသက်တမ်းရှိပြီး ကမ္ဘာမြေထက်တောင် ပိုပြီးရှေးကျတယ်လို့သိရပါတယ်။ **Ref: IE**

ကိုထက်

Xiaomi 18 Pro Max ရဲ့စွမ်းဆောင်ရည်များထွက်ပေါ်လာ

Xiaomi ရဲ့ မကြာခင်ထွက်ရှိလာမယ့် flagship ဖုန်းသစ် Xiaomi 18 Pro Max ဟာ Geekbench စမ်းသပ်မှုစာရင်းမှာ ပေါ်လာပြီး စွမ်းဆောင်ရည်နဲ့ပတ်သက်တဲ့ အချက်အလက်တချို့ ထွက်ပေါ်လာပါတယ်။ ဒီဖုန်းဟာ Xiaomi 17 Pro Max ရဲ့ မျိုးဆက်ဖြစ်ပြီး Xiaomi က ဒီလအတွင်း တရုတ်နိုင်ငံဈေးကွက်မှာ Xiaomi 18 Pro စီးရီးကို မိတ်ဆက်သွားမယ်လို့ အတည်ပြုထားပါတယ်။

Geekbench စာရင်းမှာ Xiaomi 18 Pro Max ကို မော်ဒယ်နံပါတ် M610BB နဲ့ တွေ့ရှိရပြီး Android 17 အသုံးပြုထားကာ RAM 16GB ပါဝင်တဲ့ စမ်းသပ်မော်ဒယ်တစ်ခုဖြစ်ပါတယ်။ စမ်းသပ်မှုမှာ Geekbench 7 ရဲ့ single-core စမ်းသပ်ချက်မှာ ရမှတ် 3381 နဲ့ multi-core မှာ 10920 ရရှိခဲ့ပါတယ်။ ဖုန်းမှာ Qualcomm ရဲ့ မထွက်ရှိသေးတဲ့ Snapdragon 8 Elite Gen 6 Pro ချစ်ပြားကို အသုံးပြုထားတယ်လို့ Geekbench က ဖော်ပြပါတယ်။



အဲဒီချစ်ပြားမှာ CPU core ရှစ်ခု ပါဝင်ပြီး core နှစ်ခုက 5.01GHz အထိ၊ သုံးခုက 4.03GHz နဲ့ ကျန်သုံးခုက 3.74GHz အထိ လည်ပတ်နိုင်မယ်လို့ ဖော်ပြထားပါတယ်။ Xiaomi 18 Pro Max မှာ နောက်တက် မျက်နှာပြင်ကိုအသုံးပြုနိုင်တဲ့ "Versatile Back Screen" လုပ်ဆောင်ချက်လည်း ပါဝင်လာမယ်လို့ သိရပါတယ်။ **Ref: GA**

ကိုထက်

စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား တာမွေမြို့နယ်၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဂိမ်းပြိုင်ပွဲများ ကျင်းပ၍ အနိုင်ရရှိသူများအား အမှတ်တရ လက်ဆောင်များ အသီးသီးပေးအပ်ပြီး ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့်အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်ကြူကြူခိုင်က မုဒိတာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုမိုအောင်က စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာမ မာယာရှင်က



စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကိုကျင်းပပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် အခမ်းအနားတွင် ပြသထားသော လူငယ်ရေးရာ ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း၊ တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာပေလေ့လာဖတ်ရှုရာမှတစ်ဆင့် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

နေပြည်တော်နှင့် တိုင်းဒေသကြီးသုံးခုခွဲ ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်အဖြစ် ဧကသုံးသိန်းကျော်ဖော်ဆောင်

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များကို နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ဧကသုံးသိန်းကျော် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

အဆိုပါ ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များမှ တောင်သူလယ်သမားခေါင်းဆောင်များ၊ ကုမ္ပဏီများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့သည်။

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များကို ကောင်းကင်ဂြိုဟ်တု Satellite အသုံးပြု၍ စိုက်ပျိုးမှုအခြေအနေများအား စိစစ်ခြင်း၊ အပင်များအခြေအနေ၊ ရိတ်သိမ်းမှုအခြေအနေများကို စိစစ်ခြင်းအတွက် ဂြိုဟ်တုမှထောက်လှမ်းအသုံးပြုသည့်စနစ်ဖြင့် ဧကတစ်သိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

တောင်သူလယ်သမားများ စပါးအထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်စေရေး၊ ပြည်ပပို့ကုန်ဆန်များ အရည်အသွေးကောင်းမွန်စေရေး၊ နှစ်စဉ်ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှုကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပို့ကုန်လုပ်ငန်းမှ ဦးဆောင်သည့် ဆန်စပါးကဏ္ဍတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ မြင့်တင်ရမည်ဖြစ်သည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိက စားသုံးကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိရာ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

စက်မှုလုပ်ငန်းသုံး လျှပ်စစ်မီတာများအား စည်းကမ်းချက်များနှင့်အညီ အသုံးပြုခြင်း ရှိ၊ မရှိ စစ်ဆေး

ပဲခူး စက်တင်ဘာ ၁၈


ပဲခူးတိုင်းဒေသကြီး (အရှေ့) ပဲခူးမြို့ရှိပဲခူးစက်မှုနယ်မြေအတွင်း စက်ရုံ၊ အလုပ်ရုံများ၌ အသုံးပြုလျက်ရှိသော စက်မှုလုပ်ငန်းသုံး လျှပ်စစ်မီတာများကို တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တာဝန်ရှိသူများက ယမန်နေ့က သတ်မှတ်စည်းကမ်းများနှင့်အညီ အသုံးပြုခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တာဝန်ရှိသူများက စက်မှုနယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်၍ စက်မှုလုပ်ငန်းများအတွက် တပ်ဆင်အသုံးပြုထားသည့် မီတာများ၏အခြေအနေ၊ သတ်မှတ်ချက်များနှင့်အညီ တပ်ဆင်အသုံးပြုထားမှုနှင့် ဓာတ်အားသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါစစ်ဆေးမှုသည် စက်မှုနယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ဓာတ်အားကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲစေရေး၊ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ လျော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေးတို့အတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဥဿာတိုင်းသား

မိုးလေဝသ သတင်း



ပေါင်းတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

ပြည် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့တွင် ပေါင်းတရာကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင် ဦးမျိုးမြင့်ဦးတို့က သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ သင်တန်းမှပို့ချပေးခဲ့သည့်အခြေခံစက်ချုပ် အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကာမိသားစုအတွက် အပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးမျိုးမြင့်ဦး၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

သင်တန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၅ သောင်း ၂၇၈ သန်းအသုံးပြုပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သင်တန်းသို့ ပေါင်းတရာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ရင်စေ့၊ ရင်ဖုံး၊ ဘောင်းဘီ၊ သင်္ဘောသားအင်္ကျီနှင့် လုံချည်ချုပ်နည်း စသည်တို့ကို ကျွမ်းကျင်နည်းပြဆရာမများက သြဂုတ်လ ၅ ရက်မှ စက်တင်ဘာလ ၁၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ချိုလေး

စိတ်ဝင်စားဖွယ်ကောင်းသည့် ပရီးမီးယားလိဂ်၊ လာလီဂါနှင့် စီးရီးအေပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်

စပါး Vs အက်စ်တွန်ဗီလာ

ကစားမည့် ရက် / အချိန်

(၁၉-၉-၂၀၂၄ ရက် ည ၆:၀၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အက်စ်တွန်ဗီလာ ၁ - ၂ စပါး

စပါး ၁ - ၂ အက်စ်တွန်ဗီလာ

စပါး ၁ - ၂ အက်စ်တွန်ဗီလာ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

စပါး	ဝေး(သရေ)	အိမ်(သရေ)	ဝေး(ရှုံး)
အက်စ်တွန်ဗီလာ	ဝေး(နိုင်)	အိမ်(ရှုံး)	ဝေး(နိုင်)

ခန့်မှန်းရလဒ်

စပါး ၂ - ၁ အက်စ်တွန်ဗီလာ

ကာရာဘောင်းဖလားပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီဖြစ်သလို ပရီးမီးယားလိဂ်မှာလည်း နိုင်ပွဲတစ်ပွဲမှ မရရှိသေးတဲ့ စပါးအသင်းအတွက် အိမ်ကွင်းမှာမဖြစ်



မနေ အနိုင်ရလဒ်လိုအပ်နေပါပြီ။ စပါးအသင်းအတွက် အခုပွဲစဉ်မှာပါ ထပ်မံရလဒ်ဆိုးရွားနေမယ်ဆိုရင် နည်းပြဒီဇာဘီအတွက်လည်း ထုတ်ပယ်ခံရဖို့ ပိုမိုနီးစပ်လာနိုင်လို့ အိမ်ကွင်းမှာ နိုင်ပွဲစတင်ရရှိပြီး ဖိအားတွေအောက်က ရုန်းထွက်နိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိစပါးအသင်းရဲ့ ကစားသမားစုဖွဲ့မှုစာရင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေလို့ အက်စ်တွန်ဗီလာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။

အက်စ်တွန်ဗီလာအသင်းကလည်း ဒီရာသီမှာ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရတာကို တွေ့ရမှာပါ။ အက်စ်တွန်ဗီလာအသင်းအတွက် တခြားပြိုင်ပွဲတွေမှာ ရလဒ်ကောင်းမွန်နေတယ်ဆိုပေမယ့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာတော့ လေးပွဲကစားပြီးချိန်မှာ နှစ်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်နဲ့ နိုင်ပွဲမရရှိသေးဘဲ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ အက်စ်တွန်ဗီလာအသင်းအတွက် စပါးအသင်းနဲ့ တွေ့ဆုံတဲ့ပွဲစဉ်တိုင်း ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလည်း ဖိအားတွေအောက်က ရုန်းထွက်ဖို့ ကြိုးစားလာနိုင်တဲ့ စပါးအသင်းကြောင့် အက်စ်တွန်ဗီလာအသင်းအတွက် အဝေးကွင်းမှာ ရုန်းကန်ရဖို့ရှိနေပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် စပါးအသင်းက အကြိမ် ၂၀ အနိုင်ရရှိထားပြီး အက်စ်တွန်ဗီလာအသင်းက ကိုးကြိမ်အနိုင်ရရှိကာ တစ်ကြိမ်သရေရလဒ် ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းကလည်း ကွာခြားမှုမရှိလို့ တွေ့ဆုံမှုတိုင်းအသာစီးရလေ့ရှိတဲ့ စပါးအသင်းပဲ အိမ်ကွင်းမှာ နိုင်ပွဲရယူပြီး ဖိအားတွေအောက်က ရုန်းထွက်ပြပါလိမ့်မယ်။

ဘရိုက်တန် Vs အာဆင်နယ်

ကစားမည့် ရက် / အချိန်

(၁၉-၉-၂၀၂၄ ရက် ည ၈:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၀ - ၁ အာဆင်နယ်

အာဆင်နယ် ၂ - ၁ ဘရိုက်တန်

အာဆင်နယ် ၂ - ၀ ဘရိုက်တန်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဘရိုက်တန်	အိမ်(သရေ)	ဝေး(နိုင်)	ဝေး(နိုင်)
အာဆင်နယ်	ဝေး(နိုင်)	ဝေး(နိုင်)	ဝေး(နိုင်)

ခန့်မှန်းရလဒ်

ဘရိုက်တန် ၀ - ၂ အာဆင်နယ်

ဘရိုက်တန်အသင်းက နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး နောက်ဆုံးပွဲစဉ်မှာလည်း မန်ယူအသင်းကို တောင် အနိုင်ရယူနိုင်ခဲ့တဲ့အထိ ပုံစံကောင်းပြနိုင်ခဲ့တယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက အာဆင်နယ်အသင်းဖြစ်နေလို့ ခက်ခဲလာမှာအမှန်ပါပဲ။ ဘရိုက်တန်အသင်းအတွက် အာဆင်နယ်အသင်းကို ၂၀၂၃ ခုနှစ်နောက်ပိုင်း တွေ့ဆုံမှုတွေမှာ တစ်ကြိမ်မှအနိုင်မရရှိတော့တာကို တွေ့ရမှာပါ။ ဘရိုက်တန်အသင်းက အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပြီး အခက်တွေ့အောင်ကစားနိုင်တဲ့အသင်းဆိုပေမယ့် လက်ရှိအသင်းခံစစ်ပိုင်းက အမှားအယွင်းများနေလို့ အကောင်းဆုံးပုံစံရရှိနေတဲ့ အာဆင်နယ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ လိုအပ်ချက်ရှိနေမှာပါ။

ဒီရာသီပြိုင်ပွဲစုံခုနစ်ပွဲမှာ ရာနှုန်းပြည့်နိုင်ပွဲရယူထားတဲ့ အာဆင်နယ်အသင်းက အကောင်းဆုံးပုံစံမှာရှိနေလို့ ဘရိုက်တန်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာပါ။ အာဆင်နယ်အသင်းက အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပြနေသလို နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်နိုင်ပွဲရယူထားနိုင်ခဲ့တဲ့အထိ ပုံစံကောင်းရရှိနေတာကို တွေ့ရမှာပါ။ အာဆင်နယ်အသင်းခံစစ်ပိုင်းကလည်း လိဂ်ပြိုင်ပွဲလေးပွဲမှာ တစ်ဂိုးတည်းသာပေးထားရတဲ့အထိ ကျစ်လျစ်မှုရှိနေလို့ ဘရိုက်တန်အသင်းတိုက်စစ်ပိုင်းအနေနဲ့ ထိုးဖောက်ရခက်ခဲနိုင်ပါတယ်။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် အာဆင်နယ်အသင်းက ၁၁ ကြိမ် အနိုင်ရရှိထားပြီး ဘရိုက်တန်အသင်းက ခြောက်ကြိမ် အနိုင်ရရှိကာ ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအပိုင်း၊ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအပိုင်း အဘက်ဘက်က အသာစီးမှာရှိနေတဲ့ အာဆင်နယ်အသင်းပဲ အဝေးကွင်းမှာ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ဆီဗီလာ Vs ဘာစီလိုနာ

ကစားမည့် ရက် / အချိန်

(၂၀-၉-၂၀၂၄ ရက် နံနက် ၁:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘာစီလိုနာ ၅ - ၂ ဆီဗီလာ

ဆီဗီလာ ၄ - ၁ ဘာစီလိုနာ

ဆီဗီလာ ၁ - ၄ ဘာစီလိုနာ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဆီဗီလာ	ဝေး(ရှုံး)	အိမ်(နိုင်)	ဝေး(နိုင်)
ဘာစီလိုနာ	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)

ခန့်မှန်းရလဒ်

ဆီဗီလာ ၁ - ၃ ဘာစီလိုနာ

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အက်သလက်တီကိုအသင်း တစ်သင်းတည်းကိုသာရှုံးနိမ့်ပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိထားတဲ့အပြင် နောက်ဆုံးနှစ်ပွဲဆက်နိုင်ပွဲရရှိထားတဲ့ ဆီဗီလာအသင်းရဲ့ခြေစွမ်းပိုင်းက ကျေနပ်စရာကောင်းနေတယ်ဆိုပေမယ့် ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက်ကတော့ ခက်ခဲနေမှာပါ။ ဆီဗီလာအသင်းက နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့တယ်ဆိုပေမယ့် ရလဒ်တွေကြည့်မယ်ဆိုရင်တော့ အားရစရာမရှိတဲ့ ၁ ဂိုး-ဂိုးမရှိ ရလဒ်တွေနဲ့သာ အနိုင်ရရှိခဲ့တာပါ။ လက်ရှိ ဆီဗီလာအသင်းရဲ့အခြေအနေကလည်း ဘာစီလိုနာအသင်းကို အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ အမြင့်ဆုံးသရေရလဒ်ကိုပဲ မျှော်မှန်းနိုင်ဖွယ်ရှိနေပါတယ်။

ဘာစီလိုနာအသင်းက ဒီရာသီ ခုနစ်ပွဲကစားပြီး ချိန်မှာ ခုနစ်ပွဲစလုံးအနိုင်ရရှိထားတဲ့အထိ ခြေစွမ်းပိုင်းက ကောင်းမွန်နေပြီး ရာဖင်ဟာနဲ့ ယာမယ်တို့ဦးဆောင်နေတဲ့ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းက



လည်း လိဂ်ခြောက်ပွဲကစားပြီးချိန်မှာ ၂၈ ဂိုးသွင်းယူထားနိုင်ခဲ့တဲ့အထိ ဂိုးသွင်းအားကောင်းနေလို့ ဆီဗီလာအသင်းခံစစ်ပိုင်းကို ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိဥရောပထိပ်တန်းလိဂ်ကြီးတွေမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကို ဆီဗီလာအသင်း ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ဆိုတာ ခက်ခဲမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ဘာစီလိုနာအသင်းက ၃၂ ကြိမ် အနိုင်ရရှိထားပြီး ဆီဗီလာအသင်းက ငါးကြိမ်အနိုင်ရရှိကာ ခုနစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် တွေ့ဆုံမှုအပိုင်းရော လက်ရှိခြေစွမ်းပိုင်းပါ အသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားမှာပါ။

ရိုးမား Vs အင်တာမီလန်

ကစားမည့် ရက် / အချိန်

(၁၉-၉-၂၀၂၄ ရက် ည ၁၀:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

အင်တာမီလန် ၅ - ၂ ရိုးမား

ရိုးမား ၀ - ၁ အင်တာမီလန်

ရိုးမား ၀ - ၁ အင်တာမီလန်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ရိုးမား	ဝေး(နိုင်)	အိမ်(နိုင်)	ဝေး(နိုင်)
အင်တာမီလန်	အိမ်(နိုင်)	ဝေး(ရှုံး)	အိမ်(နိုင်)

ခန့်မှန်းရလဒ်

ရိုးမား ၁ - ၂ အင်တာမီလန်

ဒီရာသီစီးရီးအေ လေးပွဲကစားအပြီး လေးပွဲစလုံး အနိုင်ရရှိထားတဲ့ ရိုးမားအသင်းအတွက် အခုပွဲစဉ်က ခြေစွမ်းပိုင်းအစစ်အမှန်ကို စမ်းသပ်ခံရမှာပါ။ ရိုးမားအသင်းခံစစ်ပိုင်းက လိဂ်လေးပွဲမှာ တစ်ဂိုးတည်းသာပေးခဲ့ရတဲ့အထိ ကျစ်လျစ်မှုရှိနေတယ်ဆိုပေမယ့် အင်တာမီလန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့အတွက်တော့ လိုအပ်ချက်တွေရှိနေမှာပါ။ ရိုးမားအသင်းက လိဂ်လေးပွဲဆက်နိုင်ပွဲရယူထားနိုင်ခဲ့တယ်ဆိုပေမယ့် ကစားခဲ့တဲ့အသင်းတွေက သာမန်ခြေစွမ်းမှာသာရှိနေတဲ့ အသင်းတွေဖြစ်ပြီး အခုပြိုင်ဘက်အသင်းက အင်တာမီလန်အသင်းဖြစ်လို့ အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရနိုင်လို့ ခြေစွမ်းပိုင်းအစစ်အမှန်ကို စောင့်ကြည့်ရမှာပါ။

အင်တာမီလန်အသင်းကလည်း ချန်ပီယံလိဂ်မှာ ရှုံးနိမ့်ခဲ့ပေမယ့် စီးရီးအေပြိုင်ပွဲမှာတော့ ရိုးမားအသင်းနည်းတူ လေးပွဲကစားပြီး လေးပွဲစလုံးနိုင်ပွဲရယူထားပါတယ်။ အင်တာမီလန်အသင်းအတွက် ကလည်း အခုပွဲစဉ်မှာသာအနိုင်ရရှိမယ်ဆိုရင် အမှတ်ပေးဇယားထိပ်ဆုံးက စတင်ဦးဆောင်ဖို့အခွင့်အရေးရှိနေလို့ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိအင်တာမီလန်အသင်းရဲ့ ခြေစွမ်းပိုင်း၊ ကစားသမားစုဖွဲ့မှုအပိုင်းမှာလည်း အဝေးကွင်းဆိုပေမယ့် ရိုးမားအသင်းကို ခြေစွမ်းပိုင်းအသာစီးရယူနိုင်စွမ်း ရှိနေမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ အင်တာမီလန်အသင်းက ၁၇ ကြိမ်အနိုင်ရရှိထားပြီး ရိုးမားအသင်းက ၁၁ ကြိမ်အနိုင်ရရှိကာ ၁၁ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းမကွာခြားပေမယ့် ကစားသမားစုဖွဲ့မှုအသာစီးမှာရှိနေတဲ့ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

စည်သူအောင်

အခြေခံစားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

လွိုင်ကော် စက်တင်ဘာ ၁၈

ကယားပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၈ ရက်နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းထွက် ကုန်ချောပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၅ဦးဖြင့် ၁၈ ရက် ကြာသင်ကြားပို့ချပြီး သင်တန်းတွင် ပေါင်မုန့်၊ ကိတ်မုန့်ပြုလုပ်နည်း အဖြစ် မုန့်အမျိုးအစား ၁၂ မျိုး ပြုလုပ်နည်းတို့ကို သင်ကြားပို့ချ ပေးကြောင်းသိရသည်။

သုတ(ပြန်/ဆက်)



မြစ်သားမြို့နယ်၌ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီးမြစ်သားမြို့နယ်ရှိ ဒေသခံတောင်သူအများစုသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး နေကြာသီးနှံသည် စိုက်ပျိုးရန်လွယ်ကူခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် နေကြာဆီထွက်သီးနှံတစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း သိရသည်။

မိုးနေကြာအထွက်တိုးမျိုးကောင်းမျိုးသန့်များကို မတ်လနှင့်ဧပြီလတို့တွင် ဆည်ရေသောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးထားပြီး စိုက်ပျိုးထားသော မိုးနေကြာသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်များကို ကွင်းသရုပ်ပြခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများ အသိပညာပေးခြင်း၊ ယူရီးယား ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

နေကြာသီးနှံသည်သက်တမ်းတိုမျိုးဖြစ်ပြီး ကုန်ကျစရိတ်သက်သာ၍ စားသုံးဆီဖူလုံမှုရရှိသည့်အတွက် တောင်သူများအနေဖြင့် အများဆုံး စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်သည်။ ဆီထွက်သီးနှံများအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၄၀၂)

မအူပင်မြို့နယ်၌ သက်ကြီးအငြိမ်းစား ဝန်ထမ်းများအား ပူဇော်ကန်တော့ပွဲကျင်းပ

မအူပင် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါတွင်းသံဃာ့ဒါနဆွမ်းလောင်းလှူခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် (၁၇)ကြိမ်မြောက် သက်ကြီးအငြိမ်းစားဝန်ထမ်းများအား ပူဇော်ကန်တော့ပွဲကို မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာလ ၁၈ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းသိန်းဌေး ဦးစီး၍ ဝန်ထမ်းမိသားစုဝင်များက မြို့ပေါ်ကျောင်းတိုက်များရှိ သံဃာတော်အရှင်သူမြတ်များအား ဝါတွင်းသံဃာ့ဒါနဆွမ်းလောင်းလှူ ဒါန်းပြီး ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ သံဃာတော်အရှင် သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းသိန်းဌေးက ကန်တော့ပွဲကျင်းပရခြင်း ၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သက်ကြီးအငြိမ်းစားဝန်ထမ်းများအား ပူဇော်ကန်တော့ကြသည်။

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် (၁၇)ကြိမ်မြောက် သက်ကြီးအငြိမ်းစားဝန်ထမ်းများ ပူဇော်ကန်တော့ပွဲအခမ်းအနားသို့ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းသိန်းဌေး၊ ဝန်ထမ်းမိသားစုဝင်များနှင့် မြေစာရင်းဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

ဇင်မင်းဦး

MWD Education, Knowledge & Sports Channel

၁၉-၉-၂၀၂၆ (စနေနေ့)

၁။ ၀၈:၀၀ မှ ၁၀:၀၀ Grade-11 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ၊ ဓာတုဗေဒ၊ ရူပဗေဒ

၂။ ၁၂:၀၀ မှ ၁၃:၅၈ Grade-11 ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်

၃။ ၁၆:၀၀ မှ ၁၈:၅၁ Grade-11 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

လှိုင်းဘွဲ့မြို့နယ်၌ မိုးစပါးကော ၁၀၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး



လှိုင်းဘွဲ့ စက်တင်ဘာ ၁၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးစပါး ၁၂၀၈၅ ဧကကို စိုက်ပျိုးပြီးစီးသွားရန်လျာထားပြီး စက်တင်ဘာလ ဒုတိယရက်သတ္တပတ်အထိ မိုးစပါး ၁၀၆၅၁၂ ဧကကို စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်၌ မိုးရာသီတွင် ရေကြီး၊ ရေလျှံမှုကို တောင်သူများက နှစ်စဉ်ကြုံတွေ့ခံစားကြရသဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံနိုင်ရေးအတွက် ရေကျနောက် စိုက် သက်တမ်းတို့မျိုးစပါးကို စိုက်ပျိုးကြကြောင်း၊ မိုးစပါးကို ရေမြေသဘာဝအလိုက် ရေတော်မိုးတော်၊ ရေကြီးကွင်း၊ ရေနက်ကွင်း၊ သဲဆန်ကုန်းကြော၊ တောင်ယာဟူ၍ ခွဲခြားစိုက်ပျိုးကြကြောင်း၊ မိုးစပါးမျိုးကွဲများအလိုက် ဒေသနှင့်ကိုက်ညီသည့် မနေသုခ၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ ရွှေဘိုပေါ်ဆန်း၊ ငစိန်၊ ရက် ၉၀ စပါးမျိုး၊ ကောက်ညှင်း၊ တောင်ယာစပါးတို့ကိုစိုက်ပျိုးကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးဦးစီးအရာရှိ ဒေါ်နန်းဝတ်ရည်စမ်းက “လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများအနေနဲ့ မိုးစပါးအထွက်တိုးစေရေးအတွက် ပန်းတိုင် ဆောင်ရွက်ထားသည့် စိုက်ဧကများကို တောင်သူများနဲ့အတူ ပူးပေါင်းကွင်းဆင်းပြီး စိုက် ပျိုးထားပါတယ်။ ဓာတုမြေဩဇာသုံးပြုမှုကို လျှော့ချပေးနိုင်ရန် သဘာဝမြေဩဇာ ရူပါဘိုကာရီကို ဒေသထွက်ကုန်ကြမ်းများနဲ့ အီးအမ်(EM) ဖျော်ရည်တို့ကိုအသုံးပြုပြီး တောင်သူများရဲ့ စပါးစိုက်ခင်းတွေမှာ သွင်းအားစုအနေနဲ့ ထည့်သွင်းစိုက်ပျိုးလျက်ရှိပါတယ်” ဟု ပြောသည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

စောဒီ၊ (၄၀၆)

၁၈-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

သော်ဇင်ထွန်း(ဘ)ဦးမြင့်ရွှေ ၁၂/ကမရ(နိုင်) ဝ၆၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၉၉၈၇၆၀

ပျောက်ဆုံးကြောင်း

ဦးဘာဘူ(ဘ)ဦးကတ္တရား ဂ/သနပ(ပြု) ဝ၀၂၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI 508466)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၅၈၀၁၇

ပျောက်ဆုံးကြောင်း

ဇင်မိုးထက်(ဘ)ဦးအေး ၉/မတရ(နိုင်) ၁၇၁၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

ပျောက်ဆုံးကြောင်း

အေးသန္တာ(ဘ)ဦးသက်နိုင်ဦး ၁၄/ပတန (နိုင်) ၂၄၁၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၇၅၁၉၉

ပျောက်ဆုံးကြောင်း

မော်ဝိုဇော်(ဘ)ဦးဇော်နိုင်ဦး ၁၄/လပတ (နိုင်) ၂၃၆၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MD 410480)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၅၃၃၃၁၅၅

ပျောက်ဆုံးကြောင်း

စည်သူဇိုလိ်(ဘ)ဦးအောင်မိုးထွဋ် ၁၄/ မအန(နိုင်) ၂၀၄၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၃၀၈၄၇၇

ပျောက်ဆုံးကြောင်း

နှင်းဝေလွင်(ဘ)ဦးလှချစ် ၁၂/ဆကခ(နိုင်) ၀၂၃၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 111932)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၂၃၈၅၆

ပျောက်ဆုံးကြောင်း

ညီမိဟန်(ဘ)ဦးလှဟန် ဂ/ရကန(နိုင်) ၀၃၈၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

ကျော်မျိုးလှိုင်(ဘ)ဦးမောင်မောင် ၁၂/ဥကတ (နိုင်) ၁၃၈၉၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၂၈၄၉

ပျောက်ဆုံးကြောင်း

မြင့်မြင့်သန်း(ဘ)ဦးကျော်သန်း ၈/ပဖန (နိုင်) ၈၇၄၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၈၇၉၂၈၁

ပျောက်ဆုံးကြောင်း

စုပိုပိုအောင်(ဘ)ဦးအောင်သက်ဦး ၇/ သဝတ(နိုင်) ၁၁၆၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၆၆၉၈၄၁၁၉

ပျောက်ဆုံးကြောင်း

၀င်း၀င်းရီ(ဘ)ဦးဆာမိ ၁၂/ကမရ(နိုင်) ၀၄၅၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၁၅၇၃၁

ပျောက်ဆုံးကြောင်း

မိုးမိုးမြင့်အောင်(ဘ)ဦးအောင်မြင့် ၁၂/သခန (နိုင်) ၁၃၃၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၄၂၂၇၉

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကြော်ငြာစာအမှတ်(၁/၂၀၂၆)
(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလို ရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၀၊ ၀၉- ၆၉၅၆၉၉၉၆၆ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈
ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၅၉
မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)
ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ရေသွယ်တန်းခြင်းလုပ်ငန်း(၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၌ နေ့ပြည်တော်တွင် (၁၇-၉-၂၀၂၆)ရက်နေ့မှ(၁-၁၀-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၁-၁၀-၂၀၂၆)ရက်နေ့တွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

မြန်မာ့သစ်လုပ်ငန်း
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်)(၃၀၀)တန်ခန့်၊ သစ်မာသစ်လုံး(ပျဉ်းကတိုး၊ အင်၊ ထောက်ကြန့်၊ သစ်မကျည်း)(၈၁၆)တန်ခန့်၊ နယ်အုပ်စု(၁)သစ်မာတိုင်(၇၂၆)တန်ခန့်နှင့် ကျွန်းခွဲသား(၇၁)တန်ခန့်
(ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား(၁၈၀)တန်ခန့်
(ဂ) ရောင်းချမည့် ရက်နှင့်အချိန် - (၆-၁၀-၂၀၂၆)၊ နံနက်(၉:၀၀)နာရီ
(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်းအင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

၄။ ဆက်သွယ်ရန်-Ph; 01-287430, 01-528771, 01-528764

ဖခင်အမည်မှုန်
ရွှေဘိုမြို့၊ အမှတ်(၃)၊ ဘိုကုန်းရပ်၊ T.W.S ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်အုပ်စိုးခန့်၏ ဖခင်အမည်မှုန်မှာ ဦးအောင်ဇော်ဝင်း ၅/ကဘလ(နိုင်)၁၄၁၃၃၇၅ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်ဝင်း**

ဖခင်အမည်မှုန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(ခွဲ)ညောင်လူး Grade-12 မှ မောင်သော်တာထွန်း၏ဖခင် ဦးကိုမာ၏အမည်မှုန်မှာ ဦးမာ ၉/တကန(နိုင်)၁၂၈၈၄၂ ဖြစ်ပါကြောင်း။ **ဦးမာ**

ပျောက်ဆုံးကြောင်း
မြတ်ထက်သူ(ဘ)ဦးသန်းဝင်း ၇/နတလ(နိုင်)၁၂၃၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 126704)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၁၅၆၁၁**

ဖခင်အမည်မှုန်
ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က(၇) Grade-9 မှ မောင်စည်သူ၏ဖခင်အမည်မှုန်မှာ ဦးအောင်ဖုန်းမော် ၉/အမဇ(နိုင်)၀၀၁၃၅၉ ဖြစ်ပါကြောင်း။ **ဦးအောင်ဖုန်းမော်**

မွေးသက္ကရာဇ်အမှုန်
ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အ.မ.က(ထရီးကုန်း)မှ မူလတန်းပြဆရာမ ဒေါ်မြတ်မြတ်ဝင်းဆွေ(ခ)မြတ်မြတ်ဝင်း ၇/ပတန(နိုင်)၁၁၆၁၇၀ ၏မွေးသက္ကရာဇ်အမှုန်မှာ ၁၉-၆-၁၉၈၉ ဖြစ်ပါကြောင်း။ **၁၉-၆-၁၉၈၉**

ဖခင်အမည်မှုန်
လယ်ဝေးမြို့နယ်၊ပတ္တာကျေးရွာ၊ စံဝါအောင်းအ.ထ.က(ခွဲ)Grade-9 တွင် ပညာသင်ကြားနေသာ မောင်ဖြိုးဝဏ္ဏအောင်၏ဖခင်ဦးမင်းမင်း၏အမည်မှုန်မှာ ဦးနေမင်းထွန်း ၉/လဝန(နိုင်)၁၃၀၉၇၆ ဖြစ်ပါကြောင်း။ **ဦးနေမင်းထွန်း**

ဖခင်အမည်မှုန်
ဘီးလင်းမြို့၊ အ.မ.က-၂(တောင်ကြီး)ကျောင်း၊ Grade-5 မှ မမြတ်နိုးအိမ်၏ ဖခင်အမည်မှုန်မှာ ဦးကျော်စိုး ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

ဖခင်အမည်မှုန်
ဘီးလင်းမြို့၊ အ.ထ.က(ငါးဘတ်ချောင်)ကျောင်း၊ Grade-12 မှ မောင်စောအာကာဦးလှိုင်၏ဖခင်အမည်မှုန်မှာ ဦးသန်းလှိုင် ဖြစ်ပါကြောင်း။ **ဦးသန်းလှိုင်**

ဖခင်အမည်မှုန်
ဘီးလင်းမြို့၊ အ.ထ.က(နတ်ကြီး)ကျောင်း၊ Grade-12 မှ မအိအိငြိမ်း၏ဖခင်အမည်မှုန်မှာ ဦးစိန်ကျော်ဌေး ၁၀/ဘလန(နိုင်)၁၀၁၀၆၉ ဖြစ်ပါကြောင်း။ **ဦးစိန်ကျော်ဌေး**

ဖခင်အမည်မှုန်
ဘီးလင်းမြို့၊ အ.မ.က(အုတ်ဖို)ကျောင်း၊ Grade-5 မှ မပန်းအိမြတ်သူနှင့် Grade-3 မှ မောင်မြင့်မြတ်သူတို့၏ ဖခင်အမည်မှုန်မှာ ဦးအောင်မြသူ ၁၀/ဘလန(နိုင်)၁၂၀၈၂၈ ဖြစ်ပါကြောင်း။ **ဦးအောင်မြသူ**

ပျောက်ဆုံးကြောင်း
ဖြိုးဆုဝေ(ဘ)ဦးညွှန့်ခင် ၉/ရမသ(နိုင်)၂၃၀၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

ပျောက်ဆုံးကြောင်း
နှင်းတိုးတိုးအောင်(ဘ)ဦးအောင်သန်း ၁၁/တကန(နိုင်)၀၆၂၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၁၇၇**

သစ်တောမှန်လျှင်
အသုံးဝင်
အစဉ်ထာဝရ
ထိန်းသိမ်းကြ

ဖခင်အမည်မှုန်
ဇရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ တင်ပုလွဲကျေးရွာ၊ တင်ပုလွဲရွာမ-လ(ခွဲ)အလယ်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ခွဲညီညီ၏ဖခင်အမည်မှုန်မှာ ၁၄/ဖပန(နိုင်)၁၇၂၅၂၆ ကိုင်ဆောင်သူ ဦးမျိုးဖြစ်ပါကြောင်း။ **ဦးမျိုး**

ဖခင်အမည်မှုန်
ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-12 မှ မယွန်းလွဲခိုင်၏ဖခင် အမည်မှန်မှာ ဦးစောညိမ်းအေး ဖြစ်ပါကြောင်း။ **ဦးစောညိမ်းအေး**

ပျောက်ဆုံးကြောင်း
ဆွေဆွေသင်း(ဘ)ဦးလှဦး ၇/သကန(နိုင်)၁၀၅၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၁၅၂**

ပျောက်ဆုံးကြောင်း
ချစ်စုလွင်(ဘ)ဦးကျော်လွင် ၁၂/ထတပ(နိုင်)၁၅၁၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၁၅၂**

ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ကွမ်းတောကျေးရွာနေ မသက်သက်ဆွေ(ဘ)ဦးတင်ဝင်း ၉/တကန(နိုင်)၁၈၇၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၈၅၅၁၁၆**

အမည်မှုန်
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးဝင်းကျော်၏သား မောင်နေလင်းဦး၏ အမည်မှုန်မှာ မောင်နေထွဋ်ဦးဖြစ်ပါကြောင်း။ **မောင်နေထွဋ်ဦး**

အမည်မှုန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အမက(လွန်)၀၀၆၅မှ မူလတန်းပြဆရာမ အဘ ဦးမြင့်ဝေ၏သမီး မှတ်ပုံတင်အမှတ်-၇/ညလပ(နိုင်)၀၉၅၉၇၃ ၏ အမည်မှုန်မှာ ဒေါ်နေကြည်ဦးဖြစ်ပါကြောင်း။ **ဒေါ်နေကြည်ဦး**

အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး(နှ)၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ပြင်ကြီးအင်းရွာနေ အဘ ဦးဇော်မင်းဝေနှင့် မိခင် ဒေါ်ဆုမွန်ဌေးတို့၏သား၊ အ.လ.က(ခွဲ) ပြင်ကြီးမှ Grade-3 ကျောင်းသား မောင်ကြယ်စင်မင်းဝေအား ယနေ့မှစ၍ မောင်ကိုကိုမင်းဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကိုကိုမင်းဝေ**

Insolvency law ပုဒ်မ ၁၄၇(က)(၁)နှင့် (၂)အရ
အစုရှင်များ၏ဆန္ဒအလျောက်
Deltanex Company Limited စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်နေ့မှစ၍ Deltanex Company Limited အား လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၁ အရ တစ်နှစ်အတွင်း အတိုးနှင့်တကွ ပေးချေနိုင်ကြောင်း အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဦးကျော့မောင်၊ Insolvency Practitioner(MAIP No. 109550)အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့ကို နောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Wai Yan Htut
Director
Deltanex Company Limited


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN
SUGAR
MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စဈ/ ၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ဝန်ဆောင်မှုများကို ဝိတ်ရုက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်၊
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၃၀၈၆၀၁၈၀
Kha Yae Pin Mart
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၆၇၁၄၄၃၅၅၅
RHINO
PRODUCT OF MEC
EXPORT QUALITY
TRISTAR


ကုန်ဆိုးသွားသောစွမ်းအားများ
DAGON MALTA FRESH နဲ့ဖြည့်စွမ်းထား...
ပင်ရင်းအရောင်း- ဖုန်း - ၀၁၆၅၁၁၇၇၊ ၀၉၆၄၄၉၆၅၁၀၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂လမ်းနှင့်၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON MALTA FRESH

❖ နိုင်ငံတော်ရှေ့ဆီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



အာရှအားကစားပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘော အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်သည့်ပြိုင်ပွဲအားလုံး ဆီမီးဖိုင်နယ်အဆင့်တက်လှမ်း

ရန်ကုန် စက်တင်ဘာ ၁၈

ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာတွင်ကျင်းပနေသည့် (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ(Aichi-Nagoya 2026)၏ တက်ဂ်ဘောပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်တက်ဂ်ဘောအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများအားလုံး ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားပြီဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၅ ●

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီးညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀) ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာအိပ့်ကျမှုဖြစ်ပွားသည့် နေရာနှင့် စက်တင်ဘာလ ၁၇ ရက်တွင် အဆိုပါ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ အလျား ၁၆၀ ပေခန့်

စာမျက်နှာ ၁၄ ကော်လံ ၃ ▲



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

ရန်ကုန်မြို့အတွင်းဝန်ရုံး အရှေ့ဘက်ဆောင်ရှိ မြန်မာ့လက်မှုပစ္စည်းမျိုးစုံအရောင်းဆိုင်မှ ရိုးရာလက်မှုပစ္စည်းများအား နိုင်ငံခြားသားများ အထူးစိတ်ဝင်စားဝယ်ယူ

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတော်မှ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် အားပေးမြှင့်တင်ပေးလျက်ရှိရာ ရန်ကုန်မြို့သိမ်ဖြူလမ်း အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) အရှေ့ဘက်ဆောင်၌ MSME လုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့လက်မှုပစ္စည်းမျိုးစုံအရောင်းဆိုင်မှ ရိုးရာလက်မှုပစ္စည်းများအား နိုင်ငံခြားသားများ အထူးစိတ်ဝင်စား လေ့လာဝယ်ယူလျက်ရှိပြီး တရုတ်နှင့်ကိုရီးယား နိုင်ငံခြားသားများပိုမိုဝယ်ယူကြကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ⇨



MNL U - 20 လူငယ်လိင်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဂိုးပြတ်နိုင်ပြီး သစ္စာအားမာန်အသင်းနှင့်ရတနာပုံအသင်းတို့သရေကျ

ရန်ကုန် စက်တင်ဘာ ၁၈

2026 MNL U-20 လူငယ်လိင် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၅) ဒုတိယနေ့တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဂိုးပြတ်နိုင်ပြီး သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်းတို့ သရေကျခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကြသည့် အဆင့်(၇)နေရာမှ ရှမ်းယူနိုက်တက်အသင်းနှင့် အဆင့်(၁၄) နေရာမှ ချင်းလန်းအသင်းတို့ပွဲတွင်

စာမျက်နှာ ၂၀ ကော်လံ ၅ ◆



လက်ရွေးစင်အသင်း ၁၉ သင်းပါဝင်ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားနှင့်ဘောလုံးပွဲတော် မြန်မာယူ-၁၅ အမျိုးသားဘောလုံးအသင်း အုပ်စု(W)၌ကျရောက်

ရန်ကုန် စက်တင်ဘာ ၁၈

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ကျင်းပမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အသက် ၁၅ နှစ်အောက် ၂၀၂၆ ကမ္ဘာ့ဖလားနှင့်ဘောလုံးပွဲတော်(FIFA U-15 World Cup & Festival 2026) ပြိုင်ပွဲတွင် မြန်မာယူ-၁၅ အမျိုးသားဘောလုံးအသင်းသည် အုပ်စု(W)၌ ကျရောက်လျက်ရှိသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ▼



ဆောင်းပါး

စိုက်ပျိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ မြေဆီလွှာကိုထိန်းသိမ်းကြစို့ စာ - ၁၂ သို့

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုက ဒေသတွင်းနှင့်ကမ္ဘာ့စီးပွားရေးကို အထောက်အကူပြုနေ စာ - ၂၅ သို့

ကျိုင်းတုံမြို့နယ်နှင့်တာချီလိတ်မြို့တို့၌ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ စာ - ၁၉ သို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အမျိုးသမီးငယ် ၂ ဦးအား သွေးဆောင်ဖမ်းဆီးခေါ်ဆောင်၍ အဓမ္မပြုကျင့်ကာ ငွေခြောက်လှန့်တောင်းယူသူ တရားခံအမျိုးသား ၁ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးအရေးယူ စာ - ၁၉ သို့